မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉၁)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အား ကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ကျင်းပ** စာ - ၁၁ သို့

# ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဇဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဇဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးအမှတ်(၃၉) အင်ကြင်းခန်းမ၌ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဇဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယ ဝန်ကြီးများ၊ ပင်လယ်ကမ်းရိုးတန်းနှင့်သက်ဆိုင်သော ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ပင်လယ် ကမ်းရိုးတန်းသယံဇာတများသည် စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တိုးတက် ရေးအတွက် အလွန်အရေးပါသော အရင်းအမြစ်များ ဖြစ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံး ပြုနိုင်ရန် **စာမျက်နှာ ၅ ကော်လံ ၁ ➪**

ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ် ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဇဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဥ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဥ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ညင်ချီ ဇူလိုင် ၁၇

ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့်အခြားနိုင်ငံများ၏ပူးပေါင်း ဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပသည့် ပဥ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ( THE 5th CHINA XIZANG TRANS–HIMALAYA FORUM FOR INTERNATIONAL COOPERATION) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ) လင်ကျစ်မြို့ရှိ Nyingchi Rui Crown Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတဒေါ်နန်းနီနီအေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်း ရေးမှူး မစ္စတာ ဝမ်ကျွန်းကျန်း၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန့်ဖရင့် (CPPCC) **စာမျက်နှာ ၆ ကော်လံ ၁ ◆**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ** စာ - ၇ သို့

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ** စာ - ၉ သို့

ဆောင်းပါး **အမည်မည်းနှင့် အမြဲမနေစေလို** စာ - ၁၃ သို့

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ် အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယ နိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအား နည်းရပ်ဝန်း(Well Marked Low Pressure Area)သည် အနောက် မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို စတင်ဖြတ်ကျော်လျက်ရှိပါသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်း ဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့ သွားမည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

**နေပြည်တော်မြို့တွင်း EV ဘတ်စ်ကားများ တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်လျက်ရှိ**



စာ - ၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၈ ရက်)

# ကျန်းမာရေးစွမ်းအားစု အဆောက်အဦတောင့်တင်းခိုင်မာရေး

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ပိုမိုဖွံ့ဖြိုးတိုးတက်သော ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ တည်ဆောက်လျက်ရှိရာတွင် နိုင်ငံသားအားလုံးပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျလှသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများကို မူဝါဒများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်နှင့် မြို့ပြနှင့်ကျေးလက်ပါမကျန် ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage)ပေးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကိုတာဝန်ယူခဲ့သည့်ကာလတစ်လျှောက်လုံး **"လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ"** ဟူသည့် ခံယူချက်ဖြင့် ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်မှုကို ဘက်ပေါင်းစုံကဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခုအစိုးရသစ်ကာလတွင်လည်း ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးနှင့်ပတ်သက်လာလျှင် နိုင်ငံတော်အတွက်လိုအပ်နေသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် ဆေးတက္ကသိုလ် (၅)ခုနှင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးပညာမဟာဌာနကြီး (Faculty of Medicine)ကို ထည့်သွင်းဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုဆိုပါက ဆေးတက္ကသိုလ် (၆)ခုနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် (၁၁)ခု စုစုပေါင်းတက္ကသိုလ် (၁၇)ခု ရှိလာပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၆ ရက်က သူနာပြုသိပ္ပံ(နေပြည်တော်)နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သူနာပြုသိပ္ပံများဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရာတွင် ပြည်သူလူထုလက်လှမ်းမီရယူနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနေသည့် "သူနာပြု" နှင့် "သားဖွား" များအနေဖြင့် မိမိတို့၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်များနှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို စိတ်ကောင်းစေတနာနှင့် ဆောင်ရွက်ပေးသွားကြရန်၊ နိုင်ငံတကာအသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာရပ်တည်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှ အစဉ်တစိုက်ကြိုးပမ်းသွားကြရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့်၊ ထူးချွန်ထက်မြက်သည့် သူနာပြုနှင့်သားဖွားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြပါရန်"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရ၏ရက်(၁၀၀)အတွင်း၌ သူနာပြုနှင့်သားဖွား၊ နီးနွှယ်သင်တန်းကျောင်း ၂၇ ကျောင်းကို ဖွဲ့စည်းပုံတိုးမြှင့်ပေးခဲ့ပြီး ယခုအချိန်တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့်သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(၁၅)ကျောင်းကို သူနာပြုသိပ္ပံများအဖြစ် ထိုက်တန်သည့်အဆင့်အတန်းကိုအသိအမှတ်ပြုဖွင့်လှစ်ပေးခြင်းဖြင့် ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ခြင်းဖြစ်သကဲ့သို့ သူနာပြုနှင့်သားဖွားများကို အလေးထားဂုဏ်ပြုခြင်းဖြစ်သည်။ နိုင်ငံ၏အနာဂတ်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် သူနာပြုနှင့်သားဖွားများ ပေါ်ထွက်လာစေရေးအခြေခံကောင်းကောင်းနှင့် စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန်နှင့် အမှန်တကယ်ပညာရည်ပြည့်ဝ၊ ထူးချွန်သည့်သူနာပြုနှင့်သားဖွားများဖြစ်လာအောင် လေ့ကျင့်သင်ကြားကြရမည်။

သူနာပြုများ၏ လူသားဆန်မှု၊ မေတ္တာထားပြီး ပြုစုယုယမှုနှင့် သနားကြင်နာမှုစသည်တို့သည် အခြားရုပ်ဝတ္ထုများ၊ စက်ပစ္စည်းများနှင့် အစားထိုးမရနိုင်သည့် "အနုပညာဆန်သောသူနာပြုစုမှုပညာရပ်" (The Art of Nursing) ဖြစ်သည်ကို မမေ့ကြရန်နှင့် ဂုဏ်ယူစိတ်နှင့်လေးစားတန်ဖိုးထားကြရမည်ဖြစ်သည်။ အရေအတွက်တိုးမြှင့်မွေးထုတ်ရုံသာမက အရည်အသွေးပိုင်းတွင်လည်း မြန်မာနိုင်ငံ၏ သူနာပြုနှင့်သားဖွားပညာရေးကို အရှေ့တောင်အာရှနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သည့် အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့်သားဖွားများ မွေးထုတ်ပေးနိုင်ရန် ရည်မှန်းဆောင်ရွက်သွားရမည်ဖြစ်သည်။

သူနာပြုသိပ္ပံများတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲထားသည့်ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်းများနှင့် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိပြီး အမျိုးသားပညာရေးအဆင့်မူဘောင်အရ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသာတက်ရောက်ရသည့် အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်သည်။ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၏ နိုင်ငံတကာသတ်မှတ်စံနှုန်း (၈)ခုပါဝင်သည့် သူနာပြုနှင့်သားဖွားပညာရေးနှင့်လုပ်ငန်းအရည်အသွေးအာမခံမှု အသိအမှတ်ပြုလက်မှတ်ပေးအပ်သည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များတွင် သူနာပြုပါရဂူဘွဲ့အဆင့်ထိ အဆင့်ဆင့်တက်လှမ်းသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အတွက်လိုအပ်နေသည့် "ကျန်းမာရေးစွမ်းအားစု အဆောက်အဦ" တောင့်တင်းခိုင်မာရေးတွင် သူနာပြုနှင့်သားဖွားများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

ပခုက္ကူ ဇူလိုင် ၁၇

ရက် ၁၀၀ စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူများအတွက် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ အဆိုပါ စီမံချက်အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့မှုကြောင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၈ဦးတို့သည်နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက် ရရှိကြခြင်းဖြစ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဇော်ထွန်းလှိုင်က ယခုစီမံချက်ဖြင့် ထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ကျောင်းသား၊ ကျောင်းသူများထံသို့ ကတ်ပြားများကို အသီးသီးပေးအပ်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ကျောက်ဆည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုးပွဲကျင်းပ

ကျောက်ဆည် ဇူလိုင် ၁၇

မိုးစပါးများစိုက်ပျိုးရာ၌ တစ်ဧက ကောက်ကွက်ပြည့်မီပြီး အထွက်နှုန်းတိုးပွားရေးနှင့် အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် ကောက်စိုက်စက်ဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးခြင်း သရုပ်ပြပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ဟန်မြင့်မိုရ်ကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်နီလာအောင်၏ ကွင်းအမှတ်(၂၈၉) လယ်မြေ သုံးဧက၌ ဇူလိုင်လ ၁၇ ရက်တွင် ကျင်းပသည်။

စပါးသီးနှံများကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ပင်ကြားတန်းကြားအကွာအဝေး ညီညာခြင်း၊ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စပါးပျိုးသက်နုနုဖြင့်စိုက်ပျိုးရသဖြင့် အပင်ပွားနှုန်းကောင်းမွန်ပြီး အထွက်နှုန်းတိုးပွားခြင်း၊ ကောက်ပင်လှန်ချိန်စောင့်ရန်မလိုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရာ၌ လူနှစ်ဦးသာ လိုအပ်သဖြင့် အချိန်ကုန်သက်သာစေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံက ရှင်းပြသည်။

ယခုသရုပ်ပြစိုက်ပျိုးရာတွင် အသုံးပြုသည့် ကောက်စိုက်စက်မှာ ကူဘိုတာအမျိုးအစားဖြစ်ပြီး စိုက်တန်း ၆ တန်းပါ လူထိုင်စီးကောက်စိုက်စက်ဖြစ်ကြောင်းနှင့်တန်းကြားအကွာအဝေး ၂၃၀ မီလီမီတာ၊ ပင်ကြားအကွာအဝေး ၁၀၀ မီလီမီတာနှင့် ၂၀၀ မီလီမီတာ (လိုအပ်သလို ချိန်ညှိအသုံးပြုနိုင်ခြင်း) ရှိကာ တစ်ဧက စိုက်ပျိုးလျှင် ကြာချိန် ၂ နာရီနီးပါးခန့်သာကြာမြင့်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၂၆ (စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၀။ | ၁၅:၁၅ | ခရီးလည်းသွားစကားလည်းဆို |
| ၂။ | ၀၇:၁၀ | ဓမ္မပူဇာတေး | ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ချစ်ကြည့်ရအောင် (ပထမပိုင်း) သရုပ်ဆောင်-နေတိုး၊ မိုးဟေကို ဒါရိုက်တာ-အာယု** |
| ၃။ | ၀၇:၂၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | | | |
| ၄။ | ၀၈:၁၅ | မျိုးချစ်တပ်မတော် | | | |
| ၅။ | ၀၈:၅၀ | တွေးမယ် ဖြေမယ် | | | |
| ၆။ | ၁၀:၃၀ | စာပေနှင့်အနုပညာသတင်း | ၁၂။ | ညစနာရီသတင်းအပြီး | နိုင်ငံတကာသတင်း |
| ၇။ | ၁၀:၄၅ | လူသားတို့နှင့်ဆိုက်ဘာအန္တရာယ် | ၁၃။ | | မိုးလေဝသသတင်း |
| ၈။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား | ၁၄။ | | Sharing Knowledge |
| ၉။ | ၁၂:၃၀ | လေးစားအတုယူစရာ စံနမူနာသူရဲကောင်းများ | ၁၅။ | | မျှဝေဆွေးနွေး အနာဂတ်အရေး |

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

[ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်) သောကြာနေ့]

**“ဇဝံ သံဝဒ္ဓါ ဟိ တသ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန”** (ဝိ၊ ၁၊ ၂၇၂)ဟူသော ဗုဒ္ဓမြတ်စွာ၏ အခြေခံစည်းမျဉ်း ဒေသနာတော်အတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် **“အညမညဝစန – အချင်းအချင်းအစီးအပွားကိုပြောဆိုခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ အညမည ဝုဋ္ဌာပန – အချင်းချင်းအာပတ်မှထစေခြင်း”** တို့သည် **“ပရိသာယ ဝုဒ္ဓိကာရဏာ – သံဃာ့ပရိသတ်ကြီးပွားခြင်း၏ အကြောင်းကို ပြခြင်းပင်ဖြစ်ကြောင်း”** ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ကင်္ခါဝိတရဏီ အဋ္ဌကထာတို့က ဖွင့်ပြကြပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ကဆုန်လသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်အတွက် ထူးသည့်မြတ်သည့် အချိန်ကာလတစ်ခုဖြစ်သည့်အားလျော်စွာ ပြီးခဲ့သည့် ကဆုန်လအတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကျင်းပနိုင်ခဲ့ပြီး သိပ်မကြာခင်မှာပင် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကြီးကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထိုကဲ့သို့သောအခမ်းအနားကြီးများ ကျင်းပနိုင်ခဲ့ခြင်း၏အဓိပ္ပာယ်မှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် “ဤအခြေခံစည်းမျဉ်းသည် သဗ္ဗညုတဘုရားရှင်၏ ဓမ္မဝိနယနှင့်အညီသာလျှင် ဖြစ်စေရမည်” ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဓမ္မဝိနယနှင့်အညီ ညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းနိုင်ခဲ့ခြင်း၏အကျိုးရလဒ်များသာဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာလျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများစာအုပ်၏နိဒါန်းတွင် **“တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ”** ဟူသော ဘုရားရှင်ပွင့်တော်မူခြင်း၏မူလရည်ရွယ်ချက်၊ မူလရည်ရွယ်တော်မူရင်းအတိုင်း ၄၅ ဝါပတ်လုံး တရားတော်များကို မြွက်ဟထုတ်ဖော်ဟောကြားတော်မူခဲ့သည်ဖြစ်ရာ တရားရတနာဖြစ်ထွန်းခဲ့ပါသည်ဘုရား။ မြတ်စွာဘုရားသည် ထိုတရားတော်များကိုလိုက်နာဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင်ဖြန့်ဝေခြင်းတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ သံဃာရတနာကိုလည်း ခွင့်ပြုတော်မူခဲ့ပါသည်ဘုရား။ သံဃာရတနာကို ခွင့်ပြုတော်မူသည့်အခါ လိုက်နာကျင့်သုံးနိုင်ရန် ဝိနည်းစည်းမျဉ်းဥပဒေများကို ပညတ်ခြင်း၊ သံဃာတော်များ မလွဲမသွေကေန်မုချထမ်းဆောင်ကြရမည့် ဂန္ထဓုရ၊ ဝိပဿနာဓုရတာဝန်များကိုလည်း ပေးအပ်တော်မူခဲ့ပါသည်ဘုရား။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြစေရန် အလို့ငှာ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါကြည်ဖြူပေးလှူသော ပစ္စည်းလေးပါးတို့ကို ခံယူသုံးဆောင်ခွင့်ပြုသောအားဖြင့် ချီးမြှင့်တော်မူခဲ့ပါသည်ဘုရား။



ယင်းသို့ မြတ်စွာဘုရားပေးအပ်သည့်တာဝန်နှင့်ရပိုင်ခွင့်တို့ကို ခံယူတော်မူကြသော သံဃာ့အဖွဲ့ဝင် သံဃာတော်များကလည်း “သံဃာ့စည်းမျဉ်းဥပဒေ” ဟူသော ဝိနယဓမ္မတို့ကိုလိုက်နာကျင့်သုံးခြင်း၊ မြတ်စွာဘုရားတာဝန်ပေးခဲ့သည့် ဓုရတာဝန်နှစ်ပါးကို ကျေပွန်စွာထမ်းဆောင်ကြခြင်း၊ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမတို့ကလည်း မြတ်စွာဘုရားချီးမြှင့်ခွင့်ပြုတော်မူသည့်အတိုင်း ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းတို့ကြောင့် မြတ်စွာဘုရား၏အဆုံးအမ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ယနေ့ထက်တိုင် ညစ်ကြေးမထင် စင်ကြယ်စွာ ၂၅၇၀ နှစ်ကြာအောင် အရှည်ခံ၍ တည်တံ့နေသည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့မြင်နိုင်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ယခုမျက်မှောက်ကာလ၌ရှိနေကြသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများသည် မြတ်ဗုဒ္ဓအရှင်၏ အေးငြိမ်းလှစွာသော သာသနာတော်အရိပ်၌ မှီခိုကိုးစားအားထား၍နေကြရသည့် အကျိုးကျေးဇူးများကို စိစစ်သုံးသပ်ကြည့်သည်ရှိသော် အရင်းမူလသာသနာတော်မြတ်ကို တည်ထောင်တော်မူခဲ့သော သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်းကောင်း၊ သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်တော်မူခဲ့ကြကုန်သော သက်တော်ထင်ရှား သံဃာ့ဦးသျှောင်မထေရ်မြတ်ကြီးတို့မှ သင်္ဂါယနာ ၆ တန်တင် သာဝကအဆက်ဆက်တို့ကိုလည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာမင်းအဆက်ဆက်နှင့် အခြားသောသာသနာပြုပုဂ္ဂိုလ်အသီးသီးကိုလည်းကောင်း အထူးကျေးဇူးတင်ထိုက်ကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်ဘုရား။

ယင်းသို့ ကျေးဇူးတရားကြီးမားလှသည့် ဘုရားအစရှိသော ကျေးဇူးရှင်ကြီးများအား ယခုမျက်မှောက်ခေတ်၌ ထင်ရှားရှိနေသည့် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်များအနေဖြင့် **“ကတညုတ ကတဝေဒီ”** မင်္ဂလာတရားနှင့်အညီ ကျေးဇူးဆပ်သည့်အားလျော်စွာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးနှင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးဂုဏ်ပြုပွဲကဲ့သို့သော ဓမ္မစစ်ဓမ္မမှန်ပွဲကြီးများကိုကျင်းပပြုလုပ်၍ ကျေးဇူးဆပ်ကြခြင်းဖြစ်သည်ဟု ဝမ်းမြောက်နိုင်ပါသည်ဘုရား။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား၌ တပည့်တော် လျှောက်ထားခဲ့သည့်အတိုင်း ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့်နေ့မြတ်သည် သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်ဖြစ်၍ ဆဋ္ဌသင်္ဂါယနာအောင်ပွဲကြီးနှင့်အတူ သာသနာနှစ် ၂၅၀၀ ပြည့်အထိမ်းအမှတ် ပူဇော်ပွဲကြီးကျင်းပကာ ကျေးဇူးဆပ်နိုင်ခဲ့ကြပါသည်ဘုရား။ ရှေးရှေးကျေးဇူးရှင် ဆရာတော်မြတ်ကြီးတို့၏ ဦးဆောင်မှု၊ အရှည်မြော်တွေးမှုတို့ကြောင့် ဆဋ္ဌသင်္ဂါယနာတင် ဆရာတော်အရှင်မြတ်တို့သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဝယ် ဓမ္မဝိနယ ညီညွတ်မှုကို ဆောင်ရွက်တော်မူကြရင်း ပုဂ္ဂလိကညီညွတ်မှုမှ ဂိုဏ်းပေါင်းစုံသံဃာညီညွတ်မှုကိုလည်း တစ်ပါတည်းထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်ဘုရား။ ၁၉၈၀ ပြည့်နှစ်၊ မေလတွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်ထမြောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းနိုင်ခဲ့ခြင်းသည်လည်း ဆဋ္ဌသင်္ဂါယနာတင် ဓမ္မဝိနယအောင်ပွဲ၊ သံဃဂဏ ပုဂ္ဂလညီညွတ်မှုအောင်ပွဲနှင့် ဆက်စပ်နိုင်ခဲ့သည့်သဘောကို လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်အရှင်သူမြတ်တို့သည်လည်း ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးတွင် အဦးအစမှ ပါဝင်တာဝန်ထမ်းဆောင်နေကြသည့် တာဝန်ရှိဆရာတော်များဖြစ်ကြပါသည်ဘုရား။ သို့ဖြစ်ရာ မျက်မှောက်ခေတ် သာသနာတော်မြတ်ကြီး၏အခြေအနေကို ကြည့်ရှုသုံးသပ်တော်မူကြပြီး သာသနာတော်ကြီး ဂုဏ်သိက္ခာနိမ့်ကျညှိုးနွမ်းဆုတ်ယုတ်သွားစေရန်၊ သာသနာတော်မြတ်ကြီးပျက်စီးကွယ်ပျောက်သွားစေရန်ရည်ရွယ်၍ ကျင့်ကြံလုပ်ဆောင်နေကြသူ၊ ဟောပြောနေကြသူ၊ ရေးသားထုတ်ဝေနေကြသူ သာသနပစ္စတ္ထိက သာသနာ့ရန်သူ၊ သာသနာ့အန္တရာယ်တို့ကို မတားဆီးမပိတ်ပင်၊ လျစ်လျူရှုမနေကြဘဲ ဘုရားရှင်နှင့်တကွ ရှေးရှေးသာသနာတော်၏ကျေးဇူးရှင်ကြီးများကို ကျေးဇူးဆပ်သောအားဖြင့် အစဉ်မပျက်ဂရုပြုကြောင့်ကြစိုက်ကြပါဟု လျှောက်ထားရင်း **သာရဏီယ**ဩဝါဒကထာကို အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

## UNHCR ဌာနေကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တွေ့ဆုံ

ဘားအံ ဇူလိုင် ၁၇

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့အား ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ(၂)၌ တွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် နေရပ်စွန့်ခွာပြည်သူများ၊ သဘာဝဘေးသင့်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးနိုင်ရေး၊ လူသုံးကုန်ပစ္စည်းများအကူအညီ ပေးနိုင်ရေး၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများတက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင်ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းရှေ့ရှိသတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ကံ့ကော်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကံ့ကော်၊ မန်ကျည်း၊ ယမနေ၊ ပျဉ်းကတိုး၊ ပိတောက် စသည့်အရိပ်ရနှစ်ရှည်ပင်နှင့် ပန်းအလှပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**မြဝတီ**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

စစ်ကဲကြီးလည်း "ဩော်... ဘာကိုမှမသိရှာဘူးနော်" ဟု အောက်မေ့၍ပြုံးလေလျှင် ခင်စိန်ကြည်က မိမိဖတ်ပြသည်ကို ပြုံးသည်ထင်မှတ်၍ ဖခင်ပြုံးအောင်လုပ်ရသည့်အတွက် အားရဝမ်းသာရှိလေ၏။

စစ်ကဲကြီးသည် မိမိဇနီး ငယ်စဉ်က သေဆုံးပြီးသည့်နောက် ရာထူးတိုးတက်သည့်အပြင် ပစ္စည်းဥစ္စာများစွာ အမွေအနှစ်ရရှိပါသော်လည်း နောက်ထပ်၍ အိမ်ထောင်မပြုကုန်။ တစ်နေ့သ၌ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ကပြုံးရယ်၍ "ဘယ့်နှယ်လဲ မိတ်ဆွေကြီးရဲ့၊ ဒီလိုပဲနေတော့မလား၊ မတင့်တယ်ပါဘူးလေ၊ တစ်ယောက်လောက်တော့ ချိတ်ဦးမှပေါ့" ဟု ပြောလျှင်-

စစ်ကဲကြီးသည် ဣန္ဒြေရှိသောမျက်နှာနှင့် "အိမ်ထောင်ပြုချင်တဲ့ စိတ်ဆိုသရွေ့ ခင်တို့မေမေနဲ့ အတူတူထည့်ပြီးမြှုပ်ပစ်လိုက်ပြီ" ဟု ပြောလျှင်-

သူငယ်ချင်းဖြစ်သူလည်း စစ်ကဲကြီး၏မျက်နှာထားကိုမြင်၍ နောက်ထပ်မပြောဘဲ ရှိကုန်၏။

စစ်ကဲကြီးသည် ဇနီးသေလွန်သည်မှာ ခင်စိန်ကြည်၏အသက်နှင့် အမျှရှိသော်လည်း မနေ့ကပင်သေဘိသကဲ့သို့ အောက်မေ့၍ အလွမ်းမပြေနိုင်ဘဲရှိခဲ့ရာ ယခုမှာမူ သေလွန်သူဇနီးသည်အတွက် လွမ်းရသည့်အပြင် အသက်အရွယ်ကလည်းအို ရှိနေသူသမီးကလေးအတွက်ကြောင့်လည်း စိတ်မအေးရသည်တစ်ဖက်ဖြစ်ရကား နှလုံးမကောင်းသောရောဂါစွဲကပ်၍ ဆရာဝန်ကြီးကို ခဏခဏပင်ခေါ်ရလေ၏။

ခင်စိန်ကြည်သည် စာအုပ်တွင် နောက်တစ်ခုရယ်ဖွယ်တွေ့သဖြင့် ဖတ်၍ပြဦးမည်ပြုရာ အစေခံတစ်ယောက်က ဆရာဝန်ကြီးလာပါသည်ဘုရားဟု တင်လျှောက်သောကြောင့် စာအုပ်ကိုချထား၍ ဖခင်အနီးသို့လာရာ ဆရာဝန်ကြီးလည်း အခန်းတွင်းသို့ဝင်လာလေ၏။

သွေးများကိုစမ်းသပ်၍ ရင်ကိုလည်း သေချာစွာကြည့်ပြီးလျှင် "ယနေ့ ရောဂါတိုးသည်၊ အခါတိုင်းထက် စိတ်မချမ်းမသာဖြစ်သည့်လက္ခဏာရှိသည်" ဟု ဆရာဝန်ကြီးကပြောရာ ခင်စိန်ကြည်သည် ဖခင်၏မျက်နှာနှင့် ဆရာဝန်ကြီး၏မျက်နှာကိုကြည့်ပြီးလျှင်-

"ဖေဖေ ဒီလောက်နေမကောင်းမှန်း ခင်မသိရပါကလား၊ ဖေဖေ ဘယ့်အတွက် စိတ်မချမ်းသာသလဲဖေဖေ သမီးပြောပါဦးဘုရား၊ ဆရာဝန်ကြီး ဖေဖေမြန်မြန်ပျောက်အောင်ကုပါနော်၊ ဖေဖေ စိတ်မကောင်းရင် ခင်ကအနားကထိုင်ပြီး ရယ်စရာပြောနေမယ်ဘုရာ့နော်၊ ခုတင်က စာအုပ် ဖေဖေကြိုက်တယ်မဟုတ်လားဘုရာ့"ဟု မျက်ရည်လည်လျက်ပြောရာ-

"ဖေဖေ ဘာမှမဖြစ်ပါဘူးသမီးရယ်၊ ဆရာဝန်ကြီးက အထင်မှားလို့ပါ၊ ဖေဖေနေလို့အကောင်းသားပဲ၊ ဖေဖေ့သမီးနဲ့ ဖေဖေအတူနေရရင် ဖေဖေဘယ်တော့စိတ်မချမ်းမသာရှိနိုင်ပါ့မလဲ" ဟု သမီးနှင့်ဖခင်တို့ ပြောနေကြလျှင် ဆရာဝန်ကြီးလည်း မျက်နှာလွှဲလျက်နေလေ၏။

ငင်းနောက် စစ်ကဲကြီးက မိမိအနီးတွင်ရှိသည့် ငွေစီးကရက်ဘူးတွင် စီးကရက်ကုန်နေသဖြင့် "သမီးရယ် ဖေဖေ့စီးကရက်ဘူးကို ဗီရိုထဲက သွားယူပေးစမ်းပါ၊ ဒီမှာကုန်နေပြီ"ဟု လွှတ်လိုက်လျှင် ခင်စိန်ကြည်သည် ဖခင်ခိုင်းစေသည်ကို ဆောင်ရွက်ရသောကြောင့် ဝမ်းမြောက်စွာထသွားလေ၏။

ခင်စိန်ကြည်သွားလျှင် ဆရာဝန်ကြီးက "အနေအထိုင် အသွားအလာ သတိပြုပါ၊ နှလုံးတုန်လောက်သောသတင်းတို့ကို မကြားရရင် ကောင်းတယ်၊ စိတ်မချမ်းသာစရာအကြောင်းများကိုလည်း မစဉ်းစားပါနဲ့" စသည်ဖြင့်ပြောပြီးလျှင် ရွှေဒင်္ဂါးတစ်ပြားယူ၍ ပြန်သွားလေ၏။

ခင်စိန်ကြည်လည်း စီးကရက်ဘူးကိုကိုင်လျက် အခန်းတွင်းသို့ ဝင်လာလျှင် ဖခင်ကိုမမြင်ရသည်မှာ ၅ မိနစ်ခန့်မျှသာရှိသော်လည်း ထို ၅ မိနစ်အတွင်းတွင် ဖခင်သည် ၅ နှစ်ခန့်မျှ အိုရှုံသွားသည်ဟု စိတ်၌ထင်သောကြောင့် "ဖေဖေဘာဖြစ်သလဲဘုရား" ဟု ချိုသာစွာ မေးသော်လည်း မေး၍မရသည်နှင့် ထိတ်လန့်ပြီး "လှမောင်ရေ... စောရီရေ... ဒေါ်ခင်တို့" ဟု အစေခံတို့ကိုခေါ်ဆဲတွင် မောင်ထွန်းမြတ်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

အစေခံတို့လည်း ခေါ်သံကြားသဖြင့် ပျာယီးပျာယာနှင့် ဝင်လာကြသောအခါ မောင်ထွန်းမြတ်သည် စစ်ကဲကြီး၏မျက်နှာကိုကြည့်ပြီးလျှင် အစေခံတို့ဘက်သို့လှည့်၍ "ကိစ္စမရှိပါဘူး အပြင်မှာသာနေကြ၊ အလိုရှိ ခေါ်လိုက်မယ်" ဟု ပြောလိုက်လေ၏။

ထို့နောက် စစ်ကဲကြီး၏အနီးတွင် ဒူးထောက်လျက် မျက်နှာကို သေချာစွာကြည့်ရာ ကြည့်နေသည့်အတွင်းတွင်ပင် စစ်ကဲကြီး၏ ကာယိန္ဒြေသည် ဆုတ်ယုတ်လျက်သွားသည်ကိုမြင်ရလျှင် အစေခံတစ်ယောက်ကို ဆရာဝန်ကြီးထံ အမြန်စေလွှတ်လိုက်လေ၏။

ခင်စိန်ကြည်လည်း ဖခင်၏ခြေကိုဖက်လျက် "ဖေဖေဘုရာ့၊ ဖေဖေဘုရာ့၊ ခင်ခေါ်တာ မထူးဘူးလားဘုရာ့"ဟု သနားစဖွယ် မျက်ရည်ဝဲလျက်ခေါ်ရှာလေ၏။ သို့ခေါ်ပါသော်လည်း စစ်ကဲကြီးမှာ မျက်စိမှိတ်လျက် ငြိမ်သက်စွာသာနေလေလျှင်-

"တစ်ဆိတ်လုပ်ပါဦးရှင်၊ ကျွန်မဖေဖေ ဘယ်တော့မှ ဒီလိုမဖြစ်ဖူးပါဘူးရှင်" ဟု ခင်စိန်ကြည်သည် မောင်ထွန်းမြတ်အား တောင်းပန်လေ၏။

မောင်ထွန်းမြတ်မှာ ဥပဒေကိုသာနားလည်၍ လူနာကို မည်သို့ပြုစုရမည်မသိသဖြင့်-

"ကိစ္စမရှိပါဘူး၊ ဆရာဝန်ကြီးလည်း အခုပဲလာပါလိမ့်မယ်"ဟု ဆို၍သာပြောပြီး ဆရာဝန်ကိုသာ မျှော်လျက်နေကြလေ၏။

**"စစ်ကဲကြီးသည် ဇနီးသေလွန်သည်မှာ ခင်စိန်ကြည်၏အသက်နှင့်အမျှရှိသော်လည်း မနေ့ကပင်သေဘိသကဲ့သို့ အောက်မေ့၍ အလွမ်းမပြေနိုင်ဘဲရှိခဲ့ရာ ယခုမှာမူ သေလွန်သူဇနီးသည်အတွက် လွမ်းရသည့်အပြင် အသက်အရွယ်ကလည်းအို ရှိနေသူသမီးကလေးအတွက်ကြောင့်လည်း စိတ်မအေးရသည်တစ်ဖက်ဖြစ်ရကား နှလုံးမကောင်းသောရောဂါစွဲကပ်၍ ဆရာဝန်ကြီးကို ခဏခဏပင်ခေါ်ရလေ၏ . . ."**

နာရီဝက်ခန့်ကြာရှိလျှင် ဆရာဝန်ကြီးသည် မော်တော်ကားနှင့် ရောက်လာရာ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်ဘက်သို့လှည့်၍ "ကျုပ်တစ်ခုပြောပါရစေ၊ ဆရာတို့မည်သည်မှာ လူနာအခန်းတွင်း၌ မိန်းမသားတို့ရှိလျှင် မကြိုက်တတ်သောကြောင့် ခေတ္တလောက်အခန်းပြင်သို့သွားနေလျှင် သာ၍ကောင်းမည်ထင်ပါသည်" ဟု တောင်းပန်သောအသံဖြင့်ပြောလျှင်-

ခင်စိန်ကြည်က "ပြောလို့မှကောင်းပလေ မောင်ကြီးရယ်၊ မိန်းမသားဆိုပေမယ့် ကျွန်မမှာ သမီးအရင်းဖြစ်တဲ့အပြင် သမီးတစ်ခု အဖေတစ်ခု ဆွေမရှိ မျိုးမရှိနေရတဲ့အထဲ ကျွန်မဖေဖေမမာလို့မှ ကျွန်မမပြုစုရဘူးလားရှင်" ဟု ပြန်ပြောလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် လွန်စွာအကျပ်ကျ၍ အခွင့်ပြု၍လည်း မတော်၊ အခွင့်မပြုပြန်လျှင်လည်း မည်သို့ကြံဖန်၍ပြောရမည်မသိ။ တရားခွင်၌ဖြစ်မူ တရားသူကြီးတို့ နားဝင်လောက်အောင် စီကာပတ်ကုံးပြောရန် စကားမရှားသော်လည်း အခန်းတွင်း၌နေရန် မသင့်တော်သည့်အကြောင်းကို ဤမိန်းကလေးအားပြောရန် အလွန်ခဲယဉ်းလျက်ရှိလေ၏။

"ကျုပ်ဆိုလိုတာက ဒီလိုပါ၊ ဖခင်နေမကောင်းသည့်အခါ သမီးမပြုစုရဘူးလို့ ပြောလိုသည်မဟုတ်ပါဘူး၊ ဆရာဝန်တို့သဘောကို သိလို့ စစ်ကဲကြီးအကျိုး နှမအကျိုးပြောမိပါတယ်၊ ပြောမိသည့်အတွက် ကျုပ်အပေါ် စိတ်မရှိပါနဲ့"

"ကျွန်မအကျိုးလား ဘာအကျိုးလားရှင်"

"စစ်ကဲကြီးအကျိုး"

"ကျွန်မအပြင်မှာနေရင် ဖေဖေ့မှာအကျိုးရှိမယ်လို့ ရှင်အမှန်ပဲသိသလား"

"အမှန်ပဲသိပါတယ်၊ အမှန်မသိရင်လည်း ဒီလောက်တောင်ပြောမနေပါဘူး"

ဆက်လက်ဖော်ပြပါမည်။

## ဟသ်ာတမြို့နယ်ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ဟသ်ာတ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် လမ်းမတော်လမ်းရှိ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လ ၁၆ ရက်က အဆိုပါအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အခမ်းအနားတွင် ပြိုင်ပွဲတစ်လျှောက် ကူညီပံ့ပိုးပေးခဲ့သည့် မြို့နယ်ကြက်ခြေနီအသင်းအား ဟသ်ာတမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ထူးချွန်စွာကစားခဲ့ကြသည့် အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းဆု၊ အလယ်တန်းဆု၊ ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဆုပေးပွဲအစီအစဉ်ကို ကျင်းပရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသင်းအလိုက် စတုတ္ထဆုနှင့် တတိယဆုရရှိကြသော အသင်းများအား ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ကြပြီး ဒုတိယဆုရရှိသော အသင်းအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များကို ပေးအပ်ကြသည်။ ယင်းနောက် ပြိုင်ပွဲတွင် အဆင့်အမြင့်ဆုံးပထမဆုကို ဆွတ်ခူးသွားသည့်အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ်များနှင့်အတူ စိတ်လှုပ်ရှားဖွယ်တံခွန်စိုက်ဆုဖလားကြီးကို ဂုဏ်ပြုတက်ရောက်ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ချမ်းမြေ့

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူခြင်း လုပ်ငန်းများ နေ့ချင်းပြီးပြုလုပ်ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူ ၉၇ ဦးတို့အား နိုင်ငံသားအခွင့်အရေးနှင့် သက်သေခံအထောက်အထားများ ပြည့်ပြည့်ဝဝရရှိစေရန် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် Biometric UID ဇီဝအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို လမင်းစီမံချက်အရ ဇူလိုင်လ ၁၆ ရက်က နေ့ချင်းပြီး စိစစ်ဆောင်ရွက်ပေးသည်။

ယင်းကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မရမ်းကုန်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းခွင်သို့ မရမ်းကုန်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်း၊ ခရိုင်ဦးစီးမှူး ဦးရန်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းထွန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က လာရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မရမ်းကုန်းမြို့နယ်ဦးစီးမှူး ဦးသန့်ဇင်က လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး တက်ရောက်လာသည့် တာဝန်ရှိသူများက စနစ်တကျ စိစစ်ထုတ်လုပ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား၊ ကျောင်းသူများ၏လက်ဝယ်အရောက် နေ့ချင်းပြီး လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

သက်လွင်စိုး

## လုံ့လဝီရိယကို လျှော့လို့မဖြစ်ဘူး

**ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့ကကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမ၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)



**❖ ပင်လယ်ကမ်းရိုးတန်း သယံဇာတများသည် စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ရေရှည်တိုးတက်ရေးအတွက်အလွန်အရေးပါသော အရင်းအမြစ်များဖြစ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိ . . .**

➪ ရှေ့ဖုံးမှအဆက်

မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီစီမံခန့်ခွဲခြင်းအားဖြင့် နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များရရှိအောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများအဖြစ် တရားမဝင်ငါးဖမ်းဆီးမှုလျှော့နည်းစေရေး Vessel Monitoring System (VMS)စနစ်အသုံးပြုခြင်း၊ ငါးမဖမ်းရရာသီနှင့် ဇရိယာများသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေထုညစ်ညမ်းမှုဆိုင်ရာဥပဒေရေးဆွဲခြင်း၊ သုတေသနနှင့်ပညာရေးကဏ္ဍများမြှင့်တင်ခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် ပလတ်စတစ်စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဒီရေတောများတိုးချဲ့ထိန်းသိမ်းရေးတို့ကိုလည်း တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း (Integrated Coastal Management – ICM) ကို အခြေခံ၍ အစိမ်းရောင်စီးပွားရေး (Green Economy)၊ ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အပြာရောင်စီးပွားရေး (Blue Economy)နှင့် ပတ်လည်စီးပွားရေး(Circular Economy)အယူအဆများကို ပေါင်းစပ်ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ထိထိရောက်ရောက်ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

ကော်မတီဝင်အားလုံးအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက်ဌာန၊ အဖွဲ့အစည်းများအလိုက်ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကိုပြသပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ ဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **မြဝတီ**

## ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services – UNOPS) မှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)မှ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

## နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က ဖရူဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်တို့ရှိ နေရပ်ပြန်ပြည်သူများအား ထောက်ပံ့



နေပြည်တော် ဇူလိုင် ၁၇

နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင်ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ယနေ့နံနက်ပိုင်းတွင်ကယားပြည်နယ်ခန်းမ၌ကျင်းပသည့် မာခရော်ရှေကျေးရွာမှ အိမ်ထောင်စုများအတွက် ဆိုလာထောက်ပံ့ပေးအပ်ခြင်းနှင့် ဒီးမော့ဆိုနှင့် ဘောလခဲမြို့နယ်နေရပ်ပြန်သူများအတွက် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ဒေသခံပြည်သူများအား တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားပြည်သူများအနေဖြင့် နေရပ်တွင်ပြန်လည်နေထိုင်ကြသည့်အခါ အထောက်အကူဖြစ်စေရန်အတွက် ဒီးမော့ဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အတွင်းရှိ နေရပ်ပြန်ပြည်သူ ၆၁၀ အတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားတို့ကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် မာခရော်ရှေကျေးရွာနေပြည်သူများအတွက် ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်း ၅၂ စုံကိုလည်းကောင်းလက်ဝယ်အရောက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **မြဝတီ**

**◆ ရှေ့ဖုံးမှအဆက်**

အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ကွမ်းချန်း၊ နီပေါအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စရူဘီကူမာရီ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အာဂျင်တီးနား၊ တောင်ကိုရီးယား၊ ချီလီ၊ ဘင်္ဂလားဒေ့ရှ်၊ ဆာဘီးယား၊ အီတလီအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှဝန်ကြီးများ၊ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှပါမောက္ခ (ငြိမ်း)များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌက ဖိုရမ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယခုဖိုရမ်သည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (KMGBF)၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစေရန်ပံ့ပိုးပေးမည့် ဟိမဝန္တာဒေသတစ်လျှောက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် စင်္ကြံတစ်ရပ်ကို ဖန်တီးပေးသည့် အရေးကြီးသော အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်အသိုင်းအဝိုင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ပေါင်းများစွာ မြှင့်တင်ခဲ့ကြောင်း၊ ထူးခြားထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ခုမှာ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့အကြား ဆောင်ရွက်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးစီမံကိန်းဖြစ်ကြောင်း၊ နှစ်ဖက်စလုံးမှ သုတေသီများနှင့် သိပ္ပံပညာရှင်များသည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ပူးတွဲသုတေသနလုပ်ငန်းများကို အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အထူးအလေးထားဆောင်ရွက်ခဲ့ကြပြီး အပင်၊ ငါး၊ ပင့်ကူနှင့် ပုစွန်မျိုးစိတ်သစ်အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အတူ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာဗဟိုဌာန (ICIMOD) ၏တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူများ၏လူနေမှု

> **❖ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများမှရရှိလာမည့် အပြန်အလှန်အကျိုးကျေးဇူးများကိုအသိအမှတ်ပြုလျက် မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းဒေသဖြတ်ကျော်နိုင်ငံများနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) အတွင်း အကောင်အထည်ဖော်မည့် စီမံကိန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို မြှင့်တင်သွားရန် ရည်မှန်းထား . . .**

ဘဝသာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ရာတွင် အခြေခံအဖြစ် အသုံးပြုနိုင်ရန် ဟိမဝန္တာဒေသရှိ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော သိပ္ပံနည်းကျသုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက်မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာမူဝါဒများ၊ မူဘောင်များနှင့်မဟာဗျူဟာများကိုအကောင်အထည်ဖော်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကို ကျယ်ပြန့်သော ကဏ္ဍစုံချဉ်းကပ်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအခြေခံသောချဉ်းကပ်မှုများဖြင့် မူဝါဒများမှသည် ဟိမဝန္တာဒေသတစ်လျှောက် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများကို ဖြေရှင်းပေးနိုင်မည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးချခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် ပြည်သူအားလုံးပါဝင်ပြီး ထိရောက်သော လက်တွေ့လုပ်ဆောင်ချက်များဆီသို့ ကူးပြောင်းဖော်ဆောင်သွားရန် တိုက်တွန်းလိုကြောင်း။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများမှရရှိလာမည့် အပြန်အလှန်အကျိုးကျေးဇူးများကို အသိအမှတ်ပြုလျက် မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းဒေသဖြတ်ကျော်နိုင်ငံများနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) အတွင်း အကောင်အထည်ဖော်မည့်စီမံကိန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို မြှင့်တင်သွားရန် ရည်မှန်းထားပါကြောင်း၊ ယခုဖိုရမ်သည် လူသားမျိုးနွယ်များနှင့်သဘာဝပတ်ဝန်းကျင်အကြား သဟဇာတဖြစ်မှုခိုင်မာသေချာစေလျက် ဟိမဝန္တာဒေသတစ်လျှောက်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့်နိုင်ငံများမှ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အကြီးအကဲများ၊ ပညာရှင်များနှင့်အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အမှာစကားများပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖိုရမ်ကို ကျင်းပခြင်းအားဖြင့် ဟိမဝန္တာတောင်တန်းဒေသတွင်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို မြှင့်တင်ပြီး နိုင်ငံများအကြား ပူးတွဲပါဝင်ဆောင်ရွက်မှုကို အပြန်အလှန်ဖြစ်ထွန်းစေမှုတို့မှတစ်ဆင့် အတူတကွဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# နိုင်ငံခြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ


နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်သင်တန်းကျောင်း ပရိဝုဏ်အတွင်းကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ကံ့ကော်၊ ခရေ၊ မဟော်ဂနီပင်များ စသည့် ပျိုးပင်ပေါင်း ၄၅၅ ပင်ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

မြဝတီ




# နေပြည်တော်မြို့တွင်း EV ဘတ်စ်ကားများ တိုးချဲ့ပြေးဆွဲရန်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်မြို့တွင်း ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေစေရန်အတွက် ရာဇာမင်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ EV ဘတ်စ်ကားကို ပြေးဆွဲပေးလျက်ရှိပြီး တပ်ကုန်း၊ လယ်ဝေး၊ ရွာတော်နှင့် နေပြည်တော်မြို့တွင်းရှိ လိုအပ်သောနေရာများတွင်လည်း တိုးချဲ့ပြေးဆွဲပေးဖို့ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ဂိတ်တာဝန်ခံ ဦးအောင်သူမိုးထံမှ သိရသည်။

မြို့တွင်း EV ဘတ်စ်ကားပြေးဆွဲမှုအနေဖြင့် နေပြည်တော်မြို့မဈေးမှစတင်ထွက်ခွာ၍ ခုတင်-၁၀၀၀ ဆေးရုံရှေ့၊ ကံ့ကော်အိမ်ရာ၊ သပြေကုန်းဈေး၊ စည်ပင်ဧည့်ရိပ်သာ၊ ဇမ္ဗူသီရိဆေးရုံရှေ့၊ ပြန်ကပြေးအဝိုင်း၊ ဆင်ရုပ်နှင့် နှင်းဆီအဝိုင်းမှတစ်ဆင့် ဘောဂသီရိဂိတ်အထိ ပြေးဆွဲပေးလျက်ရှိပြီး ယာဉ်စီးခနှုန်းထားကို ဂိတ်စဂိတ်ဆုံးမည်သည့်နေရာအထိ စီးနင်းသည်ဖြစ်စေ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲပေးခြင်းဖြစ်သည်။

ခရီးသွားပြည်သူများ သွားလာရေးပိုမိုအဆင်ပြေစေရန် ထပ်မံရောက်ရှိမည့်ယာဉ်အစီးရေအပေါ် မူတည်၍ ယာဉ်ထွက်ရှိမည့်အချိန်နှင့် ပြေးဆွဲချိန်(ခေါက်ရေ)များကို တိုးမြှင့်သတ်မှတ်ပေးသွားရန်ရှိကြောင်း၊ မြို့တွင်းယာဉ်ပြေးဆွဲမှုများလာချိန်တွင် ခရီးသည်များ၏လုံခြုံရေးအတွက် အာမခံလုပ်ငန်းများနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ပေးမည့်အစီအစဉ်များရှိကြောင်း သိရသည်။

TMK

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လယ်ယာထွက်ကုန်များ တန်ဖိုးမြင့်ထုတ်လုပ်ရောင်းချနိုင်ရေး၊ MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းများနှင့် မြစ်ကူးကြိုးတံတားများပြုပြင်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးနိုင်ရေး၊ မြေယာလျော်ကြေးရရှိရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ရမည်းသင်း မဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၏ **ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဒေသထွက်ကုန်နှင့်တန်ဖိုးမြင့် ထုတ်ကုန်များကို လူသိများလာစေရန်နှင့် လက်ကားဖြန့်ချိသူများနှင့်ချိတ်ဆက်မိစေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဒီဂျစ်တယ်အသုံးပြု၍ MSME ထုတ်ကုန်များ ဈေးကွက်ကျယ်ပြန့်စေရန်အတွက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် www.emartmmp.gov.mm Platform ကို ၂၀၂၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး Online၊ Offline စနစ်များဖြင့် ဈေးကွက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့ဒေသ စီးပွားရေးရေရှည်အောင်မြင်ရန်အတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအပြင် ဒေသခံများ၊ လုပ်ငန်းရှင်ကိုယ်တိုင်၏ စိတ်ဝင်စားမှုနှင့် အားစိုက်ထုတ်မှုသည် အဓိကအကျဆုံး သော့ချက်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းအတိုင်း ဈေးပေါပေါဖြင့် ရောင်းချခြင်းထက် တန်ဖိုးမြင့်ကုန်ချောအဖြစ် ပြောင်းလဲလိုသည့် စိတ်ဝင်စားမှုရှိရမည်ဖြစ်သည့်အပြင် အစုအဖွဲ့ဖြင့် စနစ်တကျစုဖွဲ့ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ပံ့ပိုးဖွင့်လှစ်ပေးသော သက်ဆိုင်ရာသင်တန်းများ၊ အသိပညာပေးဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းတို့ကို ကိုယ်တိုင်တက်ကြွစွာ အားစိုက်ထုတ်ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို ကျေးရွာအလိုက်ဖြစ်စေ၊ အိမ်ထောင်စုအလိုက်ဖြစ်စေ တန်ဖိုးမြင့်ထုတ်ကုန်များ (Value Added Goods) အဖြစ် ထုတ်လုပ်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဒေသခံများ၊ လုပ်ငန်းရှင်များ ကိုယ်တိုင်တက်ကြွသော အားစိုက်ထုတ်မှုများရရှိလာစေရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီတို့၏ ပံ့ပိုးကူညီမှုများနှင့်အတူ အနီးကပ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့်အစီအမံများ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME လုပ်ငန်းများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ (ဘဏ္ဍာရေး၊ နည်းပညာ၊ ဈေးကွက်) စသည်တို့ကို ဝန်ကြီးဌာနအနေဖြင့် သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ငွေကျပ်ဘီလီယံ ၁၇၀ ဖြင့် အခိုင်အမာထူထောင်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ရန်ပုံငွေအနက်မှ ငွေကျပ်ဘီလီယံ ၁၅၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိသည့် ရန်ပုံငွေ ငွေကျပ်ဘီလီယံ ၂၀ ကို ချေးငွေမဟုတ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ထိရောက်စွာခွဲဝေကျခံသုံးစွဲလျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ထားရှိပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ လိုအပ်ချက်များကို စက်မှုလုပ်ငန်းနှင့်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေခွဲဝေရရှိမှုအရလည်းကောင်း၊ ဒေသဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၏ စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေမှလည်းကောင်း၊ နှစ်အလိုက် ဦးစားပေးအစီအစဉ်အနေဖြင့် လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ ကျွမ်းကျင်လုပ်သားများလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များအား ပိုမိုဖြည့်ဆည်းပေးနိုင်ရေးတို့ကို အစီအမံများချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဗဟိုကော်မတီအနေဖြင့် မူဝါဒချမှတ်ခြင်းနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် အနီးကပ်ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် အုပ်ချုပ်မှုအပိုင်း၊ ပေါင်းစပ်ညှိနှိုင်းမှုအပိုင်းများကို Zone Level, Regional Level, State Level အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ထင်းဆွေ၏ **မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပိုင်းမှ ရွှေကျင်မှ မဲဇင်းအထိ ၅ မိုင်ခွဲခန့်ကို ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ထူးကြီး-ရွှေကျင်လမ်းသည် စုစုပေါင်းအရှည် ၈ မိုင် ၃ ဖာလုံရှိပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကျောက်ခင်းလမ်း ၇ မိုင် ၂ ဖာလုံနှင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံဖြစ်ပြီး စုစုပေါင်း ၈ မိုင် ၃ ဖာလုံရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ထူးကြီး - ရွှေကျင်လမ်း ၈ မိုင် ၃ ဖာလုံအတွင်း လမ်းအရှည် ၄ ဖာလုံအား ချောင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ပထမအဆင့်အနေဖြင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေလျာထားပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ဖော်ပြပါလမ်းပိုင်းတွင်ရွှေကျင်မှမဲဇင်းအထိ ကျောက်ခင်းလမ်း ၅ မိုင် ၂ ဖာလုံခန့်ကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ်ခရိုင်ကို ခရိုင်ချင်းဆက်လမ်းကတစ်ဆင့် မြို့တော်ပတ်လမ်းတည်ဆောက်ရန်၊ ရန်ကုန်အဝင် အထူးဖွံ့ဖြိုးရေး ခရိုင်အဖြစ် သတ်မှတ်၍ စီးပွားရေးမြှင့်တင်ရန်နှင့် အထူးဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်ခရိုင်သည် လူဦးရေနှင့် ဖွံ့ဖြိုးမှုအလားအလာအရ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့သော ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Master Plan တွင် မြို့ပြဗဟိုခွဲ(Sub-center)အဖြစ် သတ်မှတ်ထားသည့် ဧရိယာတစ်ခုဖြစ်ပါကြောင်း၊ Sub-center ဖြစ်သော ဒဂုံမြို့သစ်ခရိုင်ကို စနစ်တကျတိုးတက်လာစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခရိုင်အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ ရေပေးဝေရေးစနစ်များဆက်သွယ်ဆောင်ရွက်ခြင်း၊ အများပြည်သူအပန်းဖြေရန် ပန်းခြံ၊ ကစားကွင်းများဆောက်လုပ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု အဆောက်အဦများ ဆောက်လုပ်ဖြည့်ဆည်းခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒဂုံမြို့သစ်ခရိုင်အတွင်းတွင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ Smart District ဧရိယာပါဝင်သည့် အိမ်ရာစီမံကိန်းများ၊ အငှားအိမ်ရာများ၊ စက်မှုဇုန်များကိုလည်း နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒဂုံမြို့သစ်ခရိုင်အတွက် သီးသန့်မြို့တော်ပတ်လမ်းမ ထပ်မံတည်ဆောက်ရန် မလိုအပ်ဘဲ လက်ရှိချိတ်ဆက်ထားပြီးဖြစ်သော Inner Ring Road / Outer Ring Road များနှင့် မြို့တွင်းချိတ်ဆက်လမ်းကွန်ရက်များကိုအသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ဆောင်ရွက်ဆဲစက်မှုဇုန်များနှင့် မြို့ပြအခြေခံအဆောက်အအုံလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဟန်ချက်ညီညီဆက်လက်ဆောင်ရွက်သွားခြင်းဖြင့် ဒဂုံမြို့သစ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ Master Plan အရ Sub-center အဖြစ်သတ်မှတ်ပြီး စီမံကိန်းများဆောင်ရွက်ရန်ရှိပါသဖြင့် သီးခြားမြို့တော်ပတ်လမ်းအဖြစ် ထပ်မံတည်ဆောက်ရန်နှင့် သီးခြားအထူးဖွံ့ဖြိုးရေးခရိုင်အဖြစ် ထပ်မံသတ်မှတ်ဆောင်ရွက်ရန်မရှိပါကြောင်း ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **မြစ်သာမြစ်ကူးကြိုးတံတား(ကလေးဝ)၏တံတားထိန်းကြိုးများအားဆောလျင်စွာပြုပြင်ထိန်းသိမ်းရန် မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြစ်သာမြစ်ကူးကြိုးတံတား(ကလေးဝ) သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းပေါ်ရှိမိုင်တိုင်(၁၁၅/၂ မှ ၁၁၅/၅)အကြားတွင် တည်ရှိပါကြောင်း၊ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင်တည်ဆောက်ပြီးစီးခဲ့သဖြင့်တံတားသက်တမ်းမှာ ၂၂ နှစ်ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များ၏ ဖျက်ဆီးမှုကြောင့် ယာကြီးဘက်ကမ်း(ရေစုန်ဘက်ခြမ်း) တံတား၏ ပင်မကြိုးအချို့မှာ ပျက်စီးသွားခဲ့သဖြင့် ယခင်ခွင့်ပြုထားသော တံတားခံနိုင်ဝန် ၆၀ တန်မှ ယခုအခါ လူစီးမော်တော်ယာဉ်ငယ်များနှင့် စုစုပေါင်း ၃ တန်အထိ တင်ဆောင်ထားသော ယာဉ်များသာ ဖြတ်သန်းခွင့်ပြုထားပါကြောင်း။

ယာကြီးဘက်ကမ်း ရေစုန်ဘက်ခြမ်းရှိ ပင်မကြိုးအမှတ်(၁)နှင့် အမှတ်(၂)တို့အား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစ်သာမြစ်ကူးကြိုးတံတား (ကလေးဝ) ပြန်လည်ပြုပြင်နိုင်ရေးအတွက် အသေးစိတ်စစ်ဆေးတိုင်းတာခြင်း (Detail Inspection)၊ လိုအပ်သော ကြိုးတံတားပစ္စည်းများအား ပြည်ပမှ မှာယူခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

စာမျက်နှာ ၈ သို့ ▲

▲ စာမျက်နှာ ၇ မှအဆက်

များအား ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **မိုးကောင်း- ကာမိုင်း- ဖားကန့် ကားလမ်းမကြီးအား နိုင်လွန်ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိုးကောင်း – ကာမိုင်း –ဖားကန့်လမ်းသည် မိုးကောင်း(ပါဟုတ်)–ကာမိုင်း လမ်းအရှည် ၁၇ မိုင်နှင့် လဝါး–ကာမိုင်း–လုံးခင်း–ဖားကန့် လမ်းပိုင်းအရှည် ၄၀ မိုင် ၇ ဖာလုံ၊ စုစုပေါင်း အရှည် ၅၇ မိုင် ၇ ဖာလုံရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအားနယ်မြေ ဒေသအခြေအနေများအရ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ ယနေ့အချိန်အထိ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် လမ်းလုပ်ငန်းများဆောင်ရွက်ခြင်း ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ရန်ပုံငွေ လျာထားခြင်းမရှိခဲ့ပါကြောင်း။

အဆိုပါလမ်းအား နိုင်လွန်ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်သည့်အချိန်တွင် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နီးစပ်ရာဘဏ္ဍာနှစ်များတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ကလောမြို့နယ်တွင် ဝန်ထမ်းအိမ်ရာများကို မည်သည့်အချိန်တွင် စီမံဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကလောမြို့နယ်တွင် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားအိမ်ရာမရှိသော်လည်း ဦးစီးဌာနများအလိုက် ရုံးနှင့်တွဲလျက် တည်ဆောက်ထားသော ဝန်ထမ်းအိမ်ရာများတွင် အများအားဖြင့် နေထိုင်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုမှုအရ ရှမ်းပြည်နယ်အတွင်းရှိ အိမ်ရာအခက်အခဲရှိသော မြို့များကို စိစစ်ရွေးချယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် ဝန်ထမ်းအိမ်ရာများကို ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်းဝန်ထမ်းအိမ်ရာအဆောက်အဦ ၁၉၅ လုံး(အခန်းပေါင်း ၂၁၂၈ ခန်း) တည်ဆောက်ပေးပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ ၁၂ မြို့တို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အဦအလုံးရေ ၈၀ (အခန်းပေါင်း ၁၁၅၄ ခန်း) ဆောင်ရွက်ပေးထားပါကြောင်း။

ကလောမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက်ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်ကို စိစစ်၍နှစ်အလိုက်ရန်ပုံငွေလျာထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အား မြို့ကွက်သစ်ဖော်ရာတွင် ကျေးရွာ ၄ ရွာမှ လယ်ယာမြေများ သိမ်းဆည်းခဲ့သည့်အတွက် မြေကွက်အစားထိုးပေးအပ်ခြင်းနှင့် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ တိုးကြောင်ကြီး၊ တိုးကြောင်ကလေးကျေးရွာအပါအဝင် ကျေးရွာ ၄ ရွာသည် ၁၉၈၉–၁၉၉၀ ခုနှစ်၊ ဒဂုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြေနေရာများဖြစ်ပြီး မြို့ကွက်သစ်များအဖြစ် ဖော်ဆောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာများမှ သိမ်းဆည်းခံ လယ်ယာမြေများအတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၃)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)တို့တွင် ၎င်းအချိန်ကာလကတည်းက မြေကွက်များ အစားထိုးပေးအပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြေယာလျော်ကြေးငွေနှုန်းထားများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တန်ဖိုးသင့်စိစစ်သတ်မှတ်ရေးအဖွဲ့မှ ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ထားသော လျော်ကြေးငွေနှုန်းထားအတိုင်း ပေးလျော်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ လျော်ကြေးပေးရန် စိစစ်ဆုံးဖြတ်ထားသော မြေနေရာများကိုသက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဘဏ္ဍာငွေတင်ပြတောင်းခံရရှိမှု အပေါ်မူတည်၍ လယ်သမားများကို နှစ်စဉ် လယ်ယာမြေလျော်ကြေးများ ပေးလျော်လျက်ရှိပါကြောင်း။

လျော်ကြေးငွေရရှိခြင်းမရှိဘဲ ကျန်ရှိနေပါက လယ်သမားများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြလျှောက်ထားသွားရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပေးလျော်ရန်ကျန်ရှိကြောင်း စိစစ်တင်ပြလာပါက ၂၀၁၇ ခုနှစ်က သတ်မှတ်ထားသည့် လျော်ကြေးငွေနှုန်းထားအတိုင်း ပေးလျော်သွားမည်ဖြစ်ပါကြောင်းနှင့် ခေတ်ကာလပေါက်ဈေးအရ လျော်ကြေးငွေပေးလျော်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်ကြားရှိ သံကူကွန်ကရစ်ရေကျော်အား သံကူကွန်ကရစ်“အမြင့်”ရေပေါ်အဖြစ်လာမည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကပုလင်းချောင်း ရေကျော်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း မိုင်(၁၄/၀–၁၄/၁)အတွင်း တည်ရှိပါကြောင်း၊ အဆိုပါ ရေကျော်အား ၁၉၉၄ ခုနှစ်တွင် တည်ဆောက်ခဲ့သဖြင့် နှစ်ပေါင်း ၃၂ နှစ်ကျော် ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ပုလင်းချောင်းရေကျော်သည် မိုးတွင်းကာလမိုးများ၍ ချောင်းရေကျပါက ယာဉ်များသွားလာရန်ခက်ခဲ၍ ချောင်းရေလျော့နည်းသည့်အချိန်ထိ ၁ နာရီခွဲခန့် စောင့်ဆိုင်းဖြတ်သန်းသွားလာရပါကြောင်း။

အဆိုပါရေကျော်နေရာအား သံကူကွန်ကရစ်တံတားအသစ် အလျားပေ ၂၄၀ တည်ဆောက်ရန် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုင်းကိုင် မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး၏ **မိုင်းကိုင် လမ်းပိုင်းနှင့် ပန်ကေတု–ကျေးသီးလမ်းပိုင်းအား ချဲ့ပေးရန် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် လျာထားနိုင်ခြင်း ရှိ၊ မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိုင်းကိုင်လမ်းပိုင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်–ပန်ကေတု – သီပေါ(ခိုလုံ)လမ်း၏ လမ်းအစိတ်အပိုင်းဖြစ်ပြီး မိုင်းကိုင်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) နယ်စပ်အထိ ၄၀ မိုင် ၂ ဖာလုံအရှည်ရှိပြီး ပြည်ထောင်စုမှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ပန်ကေတု–ကျေးသီးလမ်းပိုင်းသည် ကွန်ဟိန်း–မိုင်းနောင်–ကျေးသီး–ပန်ကေတုလမ်း၏ လမ်းအစိတ်အပိုင်းဖြစ်၍ ၁၁ မိုင်အရှည် ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းများအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ လွိုင်လင် – ပန်ကေတု – သီပေါ(ခိုလုံ)လမ်း၏ မိုင်းကိုင်လမ်းပိုင်းတွင် ကတ္တရာရေပိတ်လွှာလောင်းခြင်း ၃ ဖာလုံ၊ အမာခံလမ်းပခုံးပြုပြင်ခြင်း ၃ ဖာလုံ၊ မြေသားလမ်းပခုံးနေရာများပြုပြင်ခြင်း ၉ မိုင် ၃ ဖာလုံပြုပြင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် မိုင်းကိုင်လမ်းပိုင်းရှိပျက်စီးနေသော လမ်းပိုင်းများအား ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကွန်ဟိန်း–မိုင်းနောင် – ကျေးသီး – ပန်ကေတုလမ်း၏ ပန်ကေတု – ကျေးသီး လမ်းပိုင်းအား လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၆ ဖာလုံ၊ ကတ္တရာလမ်းပြုပြင်ခြင်း ၂ ဖာလုံ၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ လမ်း(၂)လမ်းနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် လွိုင်လင်–ပန်ကေတု–သီပေါလမ်းအား ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခင်းခြင်း ၄ မိုင်၊ ၂ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၇ ဖာလုံ၊ ၁၀ ပေ ၃၄ ပေ တည်ဆောက်ခြင်း၊ သံကူကွန်ကရစ်တံတား ၂စင်း တည်ဆောက်ခြင်းနှင့်ကွန်ဟိန်း – မိုင်းနောင် – ကျေးသီး – ပန်ကေတုလမ်းအား ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ မိုင် ၂ ဖာလုံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်လမ်းပိုင်း ၂၆ မိုင်ခန့်နှင့် ပန်ကေတု – ကျေးသီးလမ်းပိုင်း ၁၁ မိုင်အား လမ်းအကျယ် ၁၈ ပေ အကျယ်ချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှစတင်ပြီး မိုင်းကိုင်လမ်းပိုင်းအား ပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပန်ကေတု–ကျေးသီးလမ်းပိုင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်းက ဓာတုပစ္စည်း နှင့်ဆက်စပ်ပစ္စည်းများကြောင့် နောက်ဆက်တွဲရောဂါများမဖြစ်ပွားစေရေး အလေးထားကြပ်မတ်စိစစ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားလာပါကလည်း ကုသမှုပေးနိုင်ရေး ကုသရေးယူနစ်များဖွင့်လှစ်ထားရှိကြောင်းပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းကအမှာစကားပြောကြားပြီး ဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဗဟိုဦးစီးအဖွဲ့မှ ဆုံးဖြတ်ရမည့် အမှာစာများ၊ ဥပဒေနှင့် နည်းဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို ဆွေးနွေးတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရေး၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်နိုင်ရေးဆောင်ရွက်မည့်အစီအမံများ၊ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ဓာတုပစ္စည်းများမှ ဘေးအန္တရာယ်မဖြစ်စေရေးဝန်ကြီးဌာနအသီးသီးအနေဖြင့် ဓာတုပစ္စည်းများကြောင့် ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေတို့ကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၁၇

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကိုယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက်ယနေ့အစည်းအဝေးသို့ ၁၉၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်မြမြသက်၏ **နဝတအစိုးရကာလ ၁၉၈၉ ခုနှစ်ကတည်းက မြို့ကွက်သစ်အဖြစ်တိုးချဲ့တည်ဆောက်ပေးခဲ့သည့် စစ်တွေမြို့၏ ရပ်ကွက်ကြီးတစ်ခုဖြစ်သော မင်းဂံရပ်ကွက်တွင် ကွန်ကရစ်လမ်းထပ်မံခင်းပေးရန်ကျန်ရှိသော မြေသားလမ်းအရှည်ပေ ၈၀၅၄၀ အား ဘဏ္ဍာရေးနှစ်အလိုက်ပြီးပြည့်စုံအောင် ကွန်ကရစ်လမ်းခင်းပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် မင်းဂံရပ်ကွက်၌ မြို့ပြစီမံကိန်းအရ တည်ဆောက်ထားသည့် ဈေးအားစည်ပင်ဥပဒေ၊ဈေးအငှါးရပ်နှင့်အညီ သပ်ရပ်သန့်ရှင်းစွာ တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မင်းဂံရပ်ကွက်ရှိ လမ်းများအား နှစ်စဉ်ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း ၁၀ လမ်း၊ အရှည်ပေ ၂၁၉၀၀ နှင့် ကတ္တရာလမ်းလေးလမ်း၊ အရှည်ပေ ၄၅၃၀ အား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မင်းဂံဆင်းလမ်း၊ အရှည်ပေ ၁၄၀၀၊ အကျယ် ၂၄ ပေနှင့် ABC ကလေးဂေဟာသွားလမ်း အရှည် ၂၁၂၃ ပေ၊ အကျယ် ၁၈ ပေတို့အား အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကျန်ရှိသည့် လမ်းသွယ်၊ လမ်းကြားများကိုလည်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်း၊ ရေစီးရေလာအခြေအနေစောင့်ကြည့်ခြင်းများဆောင်ရွက်ပြီး ပြည်သူလူထုအသုံးများသောလမ်းအလိုက် ဦးစားပေးလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မင်းဂံရပ်ကွက်ရှိ လမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဦးစားပေးပြီး ဆောင်ရွက်သွားရန် ပြည်နယ်အစိုးရအဖွဲ့မှလည်း လမ်းညွှန်မှုပြုထားပြီးဖြစ်၍ နှစ်အလိုက် တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ဈေးနှင့်ပတ်သက်၍ မင်းဂံဈေးသည် ဧရိယာ ၁ ဒသမ ၄၅ ဧက ကျယ်ဝန်းပြီး ပုဂ္ဂလိကဈေးဆိုင်ခန်း ၆၀ ခန့်ရှိသော ပုံကျဈေးဖြစ်ပါကြောင်း၊ ဈေးအဆင့်မြှင့်တင်ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ဈေးသူဈေးသားများနှင့် ဆွေးနွေးညှိနှိုင်းမှုဆောင်ရွက်ခဲ့သော်လည်း ဈေးသူဈေးသားများ၏ဆန္ဒသဘောထားအရ ဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိခဲ့ပါကြောင်း၊ မင်းဂံဈေးနှင့်ပတ်သက်၍ ဈေးရုံများထိန်းသိမ်းခြင်း၊ ပြုပြင်ပေးခြင်းများကို စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သား/ငါးရောင်းချသည့် (၆ x၃၆) ပေ ဈေးရုံတစ်ရုံအား ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၃၃၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဈေးတွင်းသန့်စင်ခန်းပြုပြင်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မင်းဂံဈေးအဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လတ်တလောတွင် ဈေးရောင်းချသူများနည်းပါးသော်လည်း ဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ဈေးသူဈေးသားများနှင့် ညှိနှိုင်းပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့ ဟူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ (၁၂၀ x ၂၀ x ၁၂)ပေ တစ်ထပ်ကျောင်းဆောင် သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ်(ပင်မဆောင်) အား ဖျက်သိမ်းခွင့်ပြုရန်နှင့် ပေ (၁၃၀x၃၀) RC နှစ်ထပ် အစားထိုးကျောင်းဆောင်သစ် တစ်ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် ပေ (၁၂၀ x၂၀) သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ် တစ်ထပ်ဆောင်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ ပေ (၆၀ x ၂၀) သွပ်မိုး၊ အုတ်ညှပ် တစ်ဆောင်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် စုစုပေါင်းကျောင်းဆောင်လေးဆောင်ရှိပြီး စာသင်ခန်းကိုးခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူ ၅၃၈ ဦး၊ စာသင်ခန်းကိုးခန်းရှိသည့်အတွက် အဆိုပါ ဟူးကောင်း အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် စာသင်ခန်းငါးခန်းလိုအပ်နေပါကြောင်း၊ အန္တရာယ်ဆောင် ပေ (၁၂၀ x ၂၀) သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ် တစ်ဆောင်အားဖျက်သိမ်း၍ ပေ (၁၁၀ x ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့ ကင်ဆားရာရပ်ကွက်အတွင်းရှိကင်ဆားရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် အလယ်တန်းအဆင့်ကျောင်းသားဦးရေ ၂၄၀ အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ၂ မိုင်အထက်ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ၃ မိုင်အထက်ကွာဝေးခြင်း၊ မြေပိုင်ဆိုင်မှု ၅ ဧကရှိရန်တို့ လျာထားသတ်မှတ်ထားရှိပါကြောင်း။

သို့ပါ၍ ကချင်ပြည်နယ် တနိုင်းမြို့ ကင်ဆားရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်အလယ်တန်းအဆင့်ကျောင်းသား ၃၃၂ ဦးရှိသော်လည်း ပင်မကျောင်းဖြစ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သုည ဒသမ ၃ မိုင်သာကွာဝေးပါသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ပေးရန်အတွက် သတ်မှတ်ထားသော လျာထားချက်နှင့် ကိုက်ညီမှုမရှိပါသဖြင့် အဆင့်တိုးမြှင့်ပေးရန် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အဆောက်အအုံလိုအပ်နိုင်သည့်အခြေအနေအပေါ် ကွင်းဆင်းစစ်ဆေးပြီး ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့ ဒူးကောင်းရပ်ကွက်ရှိအခြေခံပညာမူလတန်း(လွန်)ကျောင်း၏ (၁၀၀ x ၂၄ x ၁၃)ပေ တစ်ထပ်ဆောင်သွပ်မိုး၊ပျဉ်ထောင်/ထရံကာ၊ ပျဉ်ခင်း(ပင်မဆောင်)အား ဖျက်သိမ်းရန်နှင့် ပေ (၁၃၀ x၃၀) RC ကျောင်းဆောင်သစ် တစ်ဆောင် အစားထိုးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စာသင်ဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင်(၁၀၀ x ၂၄)ပေ သွပ်မိုး၊ သမံတလင်းခင်း၊အုတ်ညှပ်တစ်ထပ်၊ပေ (၁၀၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ ပေ (၆၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ ပေ (၄၀ x ၃၀) ယာယီဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်ငါးဆောင် စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူ ၇၂၀ စာသင်ခန်း ၁၂ ခန်းရှိသည့်အတွက် အဆိုပါ ဒူးကောင်း အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် ကျောင်းသား/တန်းခွဲအရ စာသင်ခန်းခြောက်ခန်း လိုအပ်လျက်ရှိပါကြောင်း၊ အန္တရာယ်ဆောင် (၁၀၀ x ၂၄) ပေ သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ်တစ်ထပ်ဆောင်အားဖျက်သိမ်း၍ပေ (၁၁၀ x၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသူပြည်သူများ၏ ရပိုင်ခွင့်များမဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့်လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ/နည်းဥပဒေပြဋ္ဌာန်းရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေက တင်သွင်းရာတွင် အာမခံစနစ်သည် ပြည်သူများ၏ စီးပွားရေးလုံခြုံမှုနှင့်မျှော်လင့်ချက်တို့ကို အာမခံပေးသည့် အရေးကြီးသောစနစ်ဖြစ်ပါကြောင်း၊ သို့သော် ကုမ္ပဏီတစ်ခု ရပ်ဆိုင်းသွားပါက သို့မဟုတ် ရုတ်တရက်ထွက်ခွာသွားပါက ပေးသွင်းပြီး အာမခံကြေးများ ဆုံးရှုံးနိုင်ခြင်း၊ လျော်ကြေးမရနိုင်ခြင်း စသည့် အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါကြောင်း။

မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း အနည်းငယ်သာရှိပါကြောင်း၊ မြန်မာနိုင်ငံသားပြည်သူအများစုသည် အာမခံ၏အဓိပ္ပာယ်၊ အာမခံထားခြင်း၏ အကျိုးအပြစ်များကို သိရှိသူအလွန်နည်းပါးပြီး လူဦးရေ (၁ ရာခိုင်နှုန်း)အောက်သာ အာမခံထားရှိသည်ဟု သိရပါကြောင်း၊ ထို့ကြောင့် ပြည်သူများကို အာမခံလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့် ဗဟုသုတများကိုဖြန့်ဝေပေးပါက ကောင်းမွန်မည်ဟု ထင်မြင်မိပါကြောင်း။

ပိတ်သိမ်းထွက်ခွာခြင်းမရှိသေးသော အချို့သောပြည်ပကုမ္ပဏီများလည်း ရှိနေသေးသောကြောင့် နောက်ထပ်တူညီသည့်ဖြစ်စဉ်ကဲ့သို့ ပေါ်လာပါက ပြည်သူများ၏ အခွင့်အရေးများမဆုံးရှုံးစေရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများမှ အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund)အဖွဲ့အစည်းတစ်ခုကို အာမခံကုမ္ပဏီများမှ အချိုးကျထည့်ဝင်ငွေဖြင့် နိုင်ငံတော်အဆင့်ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခုရပ်ဆိုင်းခြင်း သို့မဟုတ် ရုတ်တရက်ထွက်ခွာသွားခြင်းများရှိပါက မြန်မာ့အာမခံလုပ်ငန်း သို့မဟုတ် အခြားအာမခံကုမ္ပဏီတစ်ခု အပေါ်သို့ ပေါ်လစီများ လွှဲပြောင်းပေးနိုင်သည့်စနစ်ကို ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးပါက ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ နစ်နာသူပြည်သူများအတွက် အမြန်ဆုံး ကာကွယ်စောင့်ရှောက်ဆောင်ရွက်ပေးပါရန် တိုက်တွန်းတင်ပြအပ်ပါကြောင်း။

ထို့ပြင် အာမခံကုမ္ပဏီတစ်ခုခုလုပ်ငန်းရပ်ဆိုင်းမှု သို့မဟုတ် ထွက်ခွာသွားမှုများရှိပါက ပြည်သူများသိရှိအောင် သတင်းထုတ်ပြန်ရန်နှင့် အာမခံပြည်သူများရပိုင်ခွင့်မဆုံးရှုံးစေရန်ကြိုးကြပ်ခြင်း၊ ပွင့်လင်းမြင်သာမှုစနစ်များကို ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သလို တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုံခြုံမှုများကဲ့သို့

စာမျက်နှာ ၁၀ သို့ ▼

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ကျင်းပ



ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ မိသားစုကလှူဒါန်းသည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးနှင့် ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများ စာအုပ်တို့ကို ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ (၃)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသ ကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမ အစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင် မိသားစုနှင့်ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်းတစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ

# ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Ms . Sara Austin Netzer အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Ms. Sara Austin Netzer အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOPS တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် UNOPS မှဆက်လက်ဆောင်ရွက်လျက်ရှိမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပ




နေပြည်တော် ဇူလိုင် ၁၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ကော်မရှင်အဖွဲ့ဝင် ဦးမင်းဟန်၊ အမြဲတမ်းအတွင်းဝန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမင်းဟန်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

⊃ ကျောဖုံးမှအဆက်

ဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုကိုကြည့်ရှုအားပေးကြပြီး ဆုပေးပွဲ ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက အမျိုးသမီး ကုမိတ့်(-၅၀)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ကုမိတ့်(-၅၅)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတ့်(-၅၅)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ကုမိတ့်(-၆၁) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတ့်(-၆၀) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ကုမိတ့်(+၆၁)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတ့်(-၆၇) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတ့်(-၇၅)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ခတ ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် ခတ ပြိုင်ပွဲ၊ အမျိုးသား အသင်းလိုက် ခတ ပြိုင်ပွဲနှင့် အမျိုးသား +အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ကြသည်။

ထို့အတူ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုနှင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆု ရရှိသူများကို Trophy နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

အလားတူ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ စုပေါင်း တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ဆုဖလားများပေးအပ်ကြသည်။

အဆိုပါ ပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ပြိုင်ပွဲဝင် အားကစားသမားအင်အား ၁၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးဦးဆောင်သောအဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်ရှိသဖြင့် အိန္ဒိယနိုင်ငံနှင့် လွှတ်တော်ဖွဲ့စည်းမှုတူညီပါကြောင်း၊ မိမိတို့လွှတ်တော်တွင် လွှတ်တော်ငယ်များဟုတင်စားခေါ်ဆိုသည့် ကော်မတီ(၂၂)ခု ဖွဲ့စည်းထားပါကြောင်းနှင့် လွှတ်တော်ရေးရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များ တစ်ဆင့်တက်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ Federalism စနစ်နှင့်စပ်လျဉ်း၍ လေ့လာလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိသည့်အတွက် လွှတ်တော်အချင်းချင်းလည်း ရင်းနှီးစွာထိတွေ့ဆောင်ရွက်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်လုပ်ငန်းစဉ်များ၏ ကဏ္ဍစုံတွင် အဓိကထား ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ယခုမြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဟု မှတ်ယူထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် ယခင်ကပင် ပုဂ္ဂိုလ်ရေးရင်းနှီးမှုများရှိကြ၍ ထပ်မံတွေ့ဆုံရသည်ကို ဝမ်းသာပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေးကိုလည်း အကူအညီပေးမည်ဖြစ်ပါကြောင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင်ဒေါ်အေးမြမြကြိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယသံအမတ်ကြီးနှင့်အတူ အိန္ဒိယကမ္ဘာ့ရေးရာကောင်စီခေတ္တအကြီးအကဲ Mr. N J Gangte နှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# အိန္ဒိယသမ္မတနိုင်ငံ၌ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးသို့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်






နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးသို့ တက်ရောက်ရန် ဇူလိုင်လ ၁၃ ရက်မှ ၁၇ ရက်အထိ အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၁၆ ရက်တွင် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးသို့ တက်ရောက်၍ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ ရေကြောင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်ဖူလုံရေး စသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၁၅ ရက်ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် (Mr. Ajit Doval) က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၁၅ ရက်မှ ၁၆ ရက်အတွင်း အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် (Mr. Ajit Doval)၊ သီရိလင်္ကာနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဆမ်ပက်သူရကွန်သာ (Mr. Sampath Thuyacontha)၊ ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်မစ္စတာ ချတ်ချိုင်ဘန်ချွတ် (Mr. Chatchai Bangchuad)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်၏ ကာကွယ်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒေါက်တာအေကေအမ်ရှမ်ဆူလ်အစ္စလာမ် (Dr. AKM Shamsul Islam) တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် အပြန်အလှန်မျှဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာမျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ(၇)နိုင်ငံမှ လုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ သံတမန်အရာရှိများပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချိတ်ဆက်ဆွေးနွေးခြင်းဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၇

"ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချိတ်ဆက်ဆွေးနွေးခြင်းဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ"ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားသည်။ ထို့နောက်တာဝန်ရှိသူများက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။ ယင်းနောက် Bussiness Matching အစီအစဉ်တွင် စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများမှ လုပ်ငန်းရှင်များက ကဏ္ဍအလိုက် စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

အောင်ကို (ပုဗ္ဗသီရိ)

# အမည်မည်းနှင့် အမြဲမနေစေလို

ပီပီအိုင်ဘီ

**❖ အမည်မည်းစာရင်းတွင်ပါဝင်နေဆဲ ဌာနကင်းကွာဝန်ထမ်းများအနေဖြင့် အမည်မည်းစာရင်းမှဖြေလျှော့ပေးနိုင်ရန်အတွက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် မိမိတို့ရောက်ရှိရာအရပ်ဒေသမှတစ်ဆင့် မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနများသို့ သတင်းပို့ဆက်သွယ်ပေးကြရန်လိုအပ်ပါသည်။ သို့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်တင်ပြပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်ရေးဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏စေတနာဖြင့် ယခုကဲ့သို့ ထုတ်ပြန်ပေးနေမှုများကိုသိရှိပြီး သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများသို့ အမြန်ဆုံးဆက်သွယ်ကြရန် အမည်မည်းနှင့်အမြဲမနေစေလို ပါကြောင်း ...**

အမည်မည်း(Black List) ဟူသည် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စည်းကမ်းဖောက်ဖျက်မှု၊ ရာဇဝတ်မှု သို့မဟုတ် မသမာမှုများကြောင့် သတ်မှတ်ထားသော လုပ်ငန်း၊ နိုင်ငံ သို့မဟုတ် အသိုင်းအဝိုင်းတစ်ခုတွင် ပါဝင်ခွင့်၊ သွားလာခွင့် သို့မဟုတ် လုပ်ကိုင်ခွင့် ပိတ်ပင်ခံထားရသည့်စာရင်းတွင် ထည့်သွင်းခံရခြင်းကို ဆိုလိုသည်။ အမည်မည်း (Black List) စာရင်းထည့်သွင်းခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်တွင်းနှင့်ပြည်ပနိုင်ငံများအပါအဝင် ခရီးထွက်ခွာရာတွင် တားဆီးပိတ်ပင်ခံရခြင်း စသည့်လူသားတစ်ဦးရသင့်ရှိသင့်သော လူမှုစီးပွားဘဝမရရှိနိုင်ဘဲ အခွင့်အရေးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေးဆောင်ရွက်ခြင်းကို နိုင်ငံတော်အာဏာသိမ်းသည်ဟု မဟုတ်မမှန် စွပ်စွဲပြီး သွေးထိုးလှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင် လူတချို့က လုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများလည်းဖြစ်ပေါ်ခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများကို အဓိကဦးတည်၍ Civil Disobedience Movement (CDM) ပြုလုပ်စေရန်လှုံ့ဆော်ခဲ့ကြသည်။ လုပ်ငန်းခွင်မဝင်ရောက်ရေးအတွက် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးခဲ့ကြသည်။ ၎င်းတို့၏အမြင်တွင် ဝန်ထမ်းများလုပ်ငန်းခွင်မဝင်ရောက်ပါက အစိုးရယန္တရားပျက်ယွင်းမည်ဟူသည့် ယူဆချက်ဖြင့် နည်းမျိုးစုံသုံးကာဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ လက်တွေ့တွင် CDM ဆောင်ရွက်သူ နိုင်ငံ့ဝန်ထမ်းအချို့ရှိခဲ့သော်လည်း မည်သည့်ဝန်ကြီးဌာနမှ လုပ်ငန်းများရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်အတိုင်းဆောင်ရွက်ခဲ့ကြပါသည်။

အခြေခံ လူ့အခွင့်အရေးများအရ လူတိုင်းသည် မိမိသဘောဆန္ဒအလျောက် လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။ သို့သော် ထိုလွတ်လပ်မှုများသည် သူတစ်ပါးအား ထိပါး၍မရပါ။ မသမာသူတချို့သည် ဒီမိုကရေစီလူ့အခွင့်အရေးကို လိုရာပုံဖော်ကာ တာဝန်ကျေပွန်စွာထမ်းဆောင်နေသည့် ဝန်ထမ်းများအား အုပ်စုဖွဲ့၍အတင်းအကျပ်ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ရစေရန် ပြုမူပြောဆိုခြင်းများအထိ ဥပဒေချိုးဖောက်မှုများကို ပြုလုပ်ခဲ့ကြပါသည်။ ထိုသို့ ဖိအားပေးမှုအမျိုးမျိုးအောက်တွင် မိမိစိတ်ဆန္ဒမပါဝင်သော်လည်း ကျရောက်လာနိုင်သည့် အန္တရာယ်များကို ထောက်ချင့်၍ အများနည်းတူ မိုးခါးရေသောက်ကာ CDM ပြုလုပ်ခဲ့ရသော နိုင်ငံ့ဝန်ထမ်းများလည်း ရှိခဲ့ကြပါသည်။

ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်နေကြသူများမဟုတ်ပါ။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရသူများဖြစ်ပါသည်။ နိုင်ငံတော်တွင် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် အဓိကတာဝန်ထမ်းဆောင်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသော ပြဋ္ဌာန်းချက်အချို့ကိုထုတ်နုတ်၍ဖော်ပြရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)တွင် “နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်” ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ တွင် “ဝန်ထမ်းသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ မိမိအား ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းတို့ကို လိုက်နာရန်တာဝန်ရှိသည်” ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။ ထိုသို့သော နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို အကြောင်းအမျိုးမျိုးကြောင့် လိုက်နာမှုမရှိခဲ့ကြသူများကို နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်နိုင်ရန်အတွက် အမည်မည်းစာရင်း(Black List) ထည့်သွင်းကာ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အနက် ၂ ရာခိုင်နှုန်းခန့်ဖြစ်သည့် ၁ သန်းခန့်သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုများ၊ လုပ်ငန်းလည်ပတ်မှုယန္တရားများ စနစ်တကျခိုင်မာအားကောင်းရန် လိုအပ်ပြီး ပြည်သူများ၏ လိုလားချက်များ၊ လိုအပ်ချက်များကို ချောမွေ့မြန်ဆန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ပြည်သူ့တာဝန်ထမ်းနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး၊ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသောဝန်ထမ်းယန္တရားတစ်ခုအဖြစ်တံတားကောင်းလျှင်ကောင်းသည့်အလျောက် ကူးသန်းသွားလာရသည်မှာ လွယ်ကူချောမွေ့သည်။ တံတားမကောင်းလျှင် ကူးသန်းသွားလာရာတွင် အခက်အခဲရှိနိုင်သည်။ တစ်နည်းအားဖြင့် အစိုးရနှင့်ပြည်သူတို့ ဆက်ဆံရေးပြေပြစ်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံတွင် ဝန်ထမ်းများအရည်အသွေးမြင့်မားပြီး ကျင့်ဝတ်စည်းကမ်းများကိုလေးစားလိုက်နာရန် အရေးကြီးသည့်အားလျော်စွာ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့်ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများ၊ ခံစားခွင့်များ၊ ဌာနဆိုင်ရာအရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များကိုသိရှိနားလည်ကြရမည်ဖြစ်သည်။ စိတ်ခံစားမှုကိုယ်စီနှင့်ယုံကြည်ချက်၊ ခံယူချက်အပေါ်မူတည်ပြီး စိတ်ခံစားချက်များရှိနိုင်သကဲ့သို့ ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့်လည်း စိတ်ခံစားမှုများပြောင်းလဲတတ်ကြသည်။ စိတ်ခံစားချက်ကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ မလိုမုန်းထားခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစုခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ကိန်းအောင်းလာတတ်ကြသည်။ စိတ်ခံစားချက်ကိုသာဦးစားပေး၍ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာဆိုသည့် ချွန်းအုပ်ပြီး ထိန်းချုပ်ကာမဆောင်ရွက်နိုင်ပါက စစ်မှန်သည့်ကောင်းကျိုးချမ်းသာရရှိမည်မဟုတ်ပါ။

ဒီမိုကရေစီဆိုသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ၊ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟုဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်သည်။ “လူညီရင် ဤကိုကျွဲဖတ်သည်” ဟူသည့်ပုံစံမျိုးသွား၍ မရပေ။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏ အသက်မှာ ရွေးကောက်ပွဲတရားမျှတရေးပင်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကို မသိကျိုးကျွန်လျစ်လျူရှုပြီး အစိုးရဖွဲ့၍ နိုင်ငံတော်အာဏာကိုရယူရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ဖျက်ဆီးခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံတော်သမ္မတတို့က မဲမသမာမှုများကို ဖြေရှင်းခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် မလျော်ညီသော နည်းလမ်းများဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ရယူရန်အတွက် တတိယအကြိမ်လွှတ်တော်ခေါ်ယူကာ အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးကိုသာ အဓမ္မနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ မလွှဲမရှောင်နိုင်သော အခြေအနေဖြစ်ပေါ်လာပြီး မည်သို့မျှညှိနှိုင်းအဖြေရှာ၍မရတော့သဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နိုင်ငံရေးအခင်းအကျင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် တတိယအကြိမ် လွှတ်တော်များကို ခေါ်ယူကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရတစ်ရပ်လည်း ပေါ်ပေါက်လာပြီဖြစ်ကာ နိုင်ငံတော်ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ် ခိုင်မာစွာလျှောက်လှမ်းနေပြီဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း (Black Lists)တွင် ပါဝင်နေ၍ စိုးရိမ်ပူပန်စိတ်ဖြင့် အခြားနေရာများသို့ ရှောင်တိမ်းနေသည်ကို သိရှိရသည့်အတွက် အဆိုပါဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ဆက်သွယ်ပါရန်နှင့် ဆက်သွယ်လာသူများအားစိစစ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဝန်ထမ်းများနှင့် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံပြီးသော်လည်း Black Lists ဝင်နေသူများအား အမည်မည်းစာရင်း (Black Lists)မှ ဖြေလျှော့ပေးလျက်ရှိပါကြောင်း နိုင်ငံတော်အစိုးရအနေဖြင့် သတင်းထုတ်ပြန်ဖိတ်ခေါ်ပေးလျက်ရှိပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိအောင် ထိန်းသိမ်းနိုင်ရန်အတွက် အမည်မည်းစာရင်းတွင် ပါဝင်ခဲ့ကြသော်လည်း ထိုသို့နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးဖြင့် အမည်မည်းစာရင်းတွင် ပါဝင်နေကြသူများအား အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် အဆိုပါဝန်ထမ်းများအား မိမိတို့ရောက်ရှိနေသည့်အရပ်တွင်ရှိသည့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများ၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ပြန်လည်သတင်းပို့ဆက်သွယ်ကြရန် ၁၂-၇-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ထိုသို့ သတင်းပို့ဆက်သွယ်လာသည့် **ဌာနကင်းကွာဝန်ထမ်း ၇၂၉၄ ဦးကို** အမည်မည်းစာရင်းမှ ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးဖြင့် ဌာနကင်းကွာဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနကင်းကွာမှု အခြေအနေပေါ်မူတည်ပြီး စိစစ်တင်ပြလာပါက အမည်မည်းစာရင်း (Black List) ရေးသွင်းခံထားရခြင်းမှ ပယ်ဖျက်ပေးလျက်ရှိသဖြင့် သတင်းပို့ဆက်သွယ်ရန်ကျန်ရှိနေသူများသည်လည်း အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် သတင်းပို့ဆက်သွယ်ကြရန် ၃၁-၁-၂၀၂၆ ရက်နေ့တွင် ထပ်မံကြေညာချက်ထုတ်ပြန်ထားရှိပါသည်။

အမည်မည်းစာရင်းတွင်ပါဝင်နေဆဲ ဌာနကင်းကွာဝန်ထမ်းများအနေဖြင့် အမည်မည်းစာရင်းမှဖြေလျှော့ပေးနိုင်ရန်အတွက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် မိမိတို့ရောက်ရှိရာ အရပ်ဒေသမှတစ်ဆင့် မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနများသို့ သတင်းပို့ ဆက်သွယ်ပေးကြရန်လိုအပ်ပါသည်။ သို့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်တင်ပြပြီး အမည်မည်းစာရင်းမှပယ်ဖျက်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏စေတနာဖြင့် ယခုကဲ့သို့ ထုတ်ပြန်ပေးနေမှုများကိုသိရှိပြီး သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများသို့ အမြန်ဆုံးဆက်သွယ်ကြရန် **အမည်မည်းနှင့်အမြဲမနေစေလို**ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူး၊ ဌာန |
|---|---|
| (၁) ပါမောက္ခဒေါက်တာ ကျော်တင့် | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) ဦးမြင့်ဇင်ထူး | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

# မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၇

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့များက လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများကအဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)

## (၁၇-၇-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၇ ~ ၃၆၆၅.၁ | ၅၅၇.၈ ~ ၅၅၈.၁ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၄၆၂,၀၇၇.၅၈ | ၅၀,၆၀၈,၈၁၇.๕၅ | ၅၂,၇၈၇,၄၄၃.၇၄ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၃၂ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၄ အား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အာဇာနည်နေ့ရောက်လေတိုင်း

⊃ ရွှေအသည်းဘဝင်
ဖြေလည်းမရှင်
မသေွအမြဲပင်ဆိုဖွယ်ပ
ဇူလိုင်လ ဆယ့်ကိုးရက်
မျက်ရည်မိုးစက် ဖြိုင်ဖြိုင်ဝေ။

⊃ ပြည်ရွာအကျိုးတရား
စည်သာဖြိုးထွားအောင်
ရည်ကာကြိုးစားတဲ့
မျိုးချစ်သားတွေ။

⊃ ကိုယ့်ထီးကိုယ့်နန်းနှင့်
ကိုယ့်စည်းကိုယ့်ကမ်းကွယ်ပျောက်
နယ်ချဲ့လက်အောက် ကျွန်အဖြစ်ရယ်နဲ့
နှံ့နစ်ဒဏ် ပြည်ရွာတစ်လွှားမှာလ
မသတီစရာများ ကင်းကွာစေ
အချုပ်အခြာအာဏာအမွေ ပြန်ရရေး။

⊃ ဆယ်တင်မကာ
ကယ်တင်ကြရာအတွက်
ရတက်မအေးဖွယ်
အသက်ဘေးအသွယ်သွယ်ကို
တစ်ချက်လေးကွယ် အမှုမထားပါဘူး
မျိုးချစ်သား ကမ္ဘာတည်မယ့်
ဘာမထီ ဇာနည်သွေးတို့ကို
တွေးရှုကာ ထာဝရပါပဲ
အလေးပြုကာ ဂါရဝရယ်နဲ့
လွမ်းလှတယ်လေး။ ။

မနောသစ်(ပခုက္ကူ)

## သဇင်(FM)အသံလွှင့်အစီအစဉ် ၁၈-၇-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

## MWD Variety Channel ၁၈-၇-၂၀၂၆(စနေနေ့)

၁။ ၀၉:၂၅ စကားလက်ဆုံ
၂။ ၁၁:၃၅ မြတ်နိုးစေချင်သဘာဝပတ်ဝန်းကျင်
၃။ ၁၃:၃၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၄။ ၁၄:၃၀ သိလိုသမျှ ကျန်းမာရေးကဏ္ဍ

★ စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့များအတွက် သစ်သီးခြင်းများလက်ဆောင်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားတပ်မတော်မှ တပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာ-ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း MYANMAR-RUSSIA JOINT EXERCISE (TIGER -2026) အောင်မြင်စွာပြီးစီးမှု အထိမ်းအမှတ် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich နှင့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။



မြန်မာ - ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရုရှားတပ်မတော်မှနည်းပြများနှင့်တပ်ဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များကို ကြည့်ရှုလေ့လာစဉ်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့နှင့် ရုရှားအနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့်အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ခဲ့ကြသည်။

အဆိုပါမြန်မာ - ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခြင်းကို ဇူလိုင်လ ၆ ရက်နေ့မှစတင်၍ ဥတ္တရသီရိတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၊ အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်း၌ မြန်မာတပ်ဖွဲ့ဝင်များနှင့်ရုရှားတပ်ဖွဲ့ဝင်များပူးပေါင်း၍ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်နီယာ၊ ဒရုန်း၊ စနိုက်ပါ၊ ဆေး၊ ဆက်သွယ်ရေး၊ တောတွင်းစစ်ဆင်ရေး၊ တောင်ပေါ်စစ်ဆင်ရေး စသည့်ဘာသာရပ်များနှင့် စစ်မြေပြင်အတွေ့အကြုံများကို ရုရှားနည်းပြများနှင့် မြန်မာနည်းပြများက စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့တွင်လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်မတော်မှ နည်းပြများနှင့် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားသွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့်အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးအားကစားပြိုင်ပွဲများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိနယ်မြေခံလေတပ်စခန်းဌာနချုပ် အားကစားရုံ၌ပြုလုပ်ရာ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဆုရရှိသောအားကစားသမားများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းရရှိသောအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းရရှိသောအသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို လေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အသင်း အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင်လ ၆ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရေဘေးအန္တရာယ်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

လှိုင်ကော် ဇူလိုင် ၁၇

သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ နောင်ယားကန်သာ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက Life Buoy စက်လှေများဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ရေဘေးသင့်ပြည်သူများအား စက်လှေဖြင့်ကူညီရွှေ့ပြောင်းပေးခြင်း၊ စက်လှေမီးလောင်မှုအားမီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ၂၀၂၆ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၃ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ



မော်လမြိုင် ဇူလိုင် ၁၇

၂၀၂၆ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၃ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်သည်။ ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ် ပိုက်ကျော်ခြင်းအသင်းနှင့်မုဒုံမြို့နယ် ပိုက်ကျော်ခြင်းအသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၃ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင်လ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

တောင်ကြီး ဇူလိုင် ၁၇

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ခန်းမအတွင်းခင်းကျင်းပြသထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ – ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR–RUSSIA JOINT EXERCISE(TIGER–2026))ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေးစဉ်။







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich တို့ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

★ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းပြုလုပ်မည့် ရှုရပ်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက လေ့ကျင့်ခန်းဆိုင်ရာ ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုတို့ကိုကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက်မြန်မာ – ရုရှား ပူးပေါင်းအဖွဲ့များက လေ့ကျင့်ခန်းအစီအစဉ်များအတိုင်း ပြုလုပ်ကြရာ Drone အဖွဲ့က ရန်သူ့နယ်မြေအတွင်း ကင်းထောက်Droneဖြင့်ကင်းထောက်ခြင်း၊ စီးနင်းတိုက်ခိုက်ရေးအဖွဲ့များက ရဟတ်ယာဉ်ဖြင့် ယာဉ်ဆင်းရပ်သို့ ဆင်းသက်ခြင်း၊ Sniper အဖွဲ့က ရန်သူ့အဖွဲ့ငယ်နေရာများအား စနိုက်ပါဖြင့် ပစ်ခတ်ခြင်း၊ FPV၊ Heavy Drone တို့ဖြင့် ကြိုတင်ချေမှုန်းခြင်း၊ တိုက်စစ်စီမံချက်ပါအတိုင်းလေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခြင်း၊ ရည်မှန်းချက်အသီးသီးသို့ တိုက်ပွဲလုပ်ငန်းအဆင့်အလိုက် ထိုးဖောက်ဝင်ရောက်၍ ရန်သူကိုချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကိုသိမ်းပိုက်ခြင်းများဆောင်ရွက်၍ လေ့ကျင့်ခန်းပြီးဆုံးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တက်ရောက်လာကြသူများသည် မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း MYANMAR – RUSSIA JOINT EXERCISE ( TIGER – 2026) လေ့ကျင့်ခန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်ဆောင်ရွက်ခဲ့မှု Video Clip အားကြည့်ရှုကြသည်။ ၎င်းနောက် လေ့ကျင့်ခန်းအောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် Quadcopter Drone ၂ စင်းဖြင့် မြန်မာနှင့်ရုရှားနှစ်နိုင်ငံအလံများအား ချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်းချီတက်ကြသည်။

ယင်းနောက် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ခဲ့သည့်တပ်ဖွဲ့ဝင်များအား မြန်မာ – ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံများကြား ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်မှတ်တိုင်တစ်ခုဖြစ်သော မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းကို အောင်အောင်မြင်မြင် ပြီးဆုံးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အတွေ့အကြုံများ အပြန်အလှန်နှီးနှောဖလှယ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများကို လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ကြကာ အပြန်အလှန်လေးစားယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အတူတကွလက်တွဲလုပ်ဆောင်ခွင့်ရခဲ့ခြင်း၊ အကောင်းဆုံးလက်တွေ့လုပ်ဆောင်ချက်များကို အပြန်အလှန်သင်ယူခွင့်ရခဲ့ပြီး ထိရောက်သည့် ဖြေရှင်းနည်းများကို အတူတူရှာဖွေနိုင်ခဲ့ခြင်းများသည် များစွာတန်ဖိုးရှိပါကြောင်း၊ အခုရရှိခဲ့သည့်အသိပညာနှင့် အတွေ့အကြုံများကို နောင်များတွင်လည်း အောင်အောင်မြင်မြင်ပြန်လည်အသုံးချနိုင်



မြန်မာ – ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းအောင်မြင်စွာဆောင်ရွက်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် Quadcopter Drone ၂ စင်းဖြင့် မြန်မာနှင့်ရုရှားနှစ်နိုင်ငံအလံများအားချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်းချီတက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ – ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းလက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ လေ့ကျင့်ခန်းတွင်ပါဝင်လေ့ကျင့်ခဲ့သည့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**❖ MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင်အသုံးပြုရန် ရုရှားနိုင်ငံကယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်လေ့ကျင့်အသုံးပြုခွင့်ရရှိခဲ့ခြင်းကလည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြီးနက်ရှိုင်းစေမည်ဖြစ် . . .**







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich တို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

လိမ့်မယ်ဟုယုံကြည်ပါကြောင်း၊ ယခုတည်ဆောက်နိုင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် လုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုများသည်လည်း ဆက်လက်ပြီး ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ကျွမ်းကျင်မှုအပြည့်နှင့် တာဝန်သိစိတ်ရှိရှိ အကျိုးရှိရှိပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် တက်ရောက်လာကြသည့် အကြီးအကဲများ၊ နည်းပြများ၊ တပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်မှုများသည် ရှေ့ဆက်၍လည်း ပိုမိုခိုင်မာလာမည်ဖြစ်သကဲ့သို့ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်မိတ်ဖက်အဖြစ် ဆောင်ရွက်မှုများနှင့်မိမိတို့နိုင်ငံများကြား ဆက်ဆံရေးပိုမိုတိုးတက်ရန်အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့်လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်အထူးတပ်ဖွဲ့နှင့်ရုရှားတပ်ဖွဲ့များပူးပေါင်းပြီး ရန်သူ့လှုပ်ရှားနယ်မြေအတွင်း အခိုင်အမာခြေကုပ်ယူထားသော အချက်အချာကျသည့် ရန်သူ့တောင်ကုန်းကို တိုက်ခိုက်ချေမှုန်းသည့် တပ်ပါတိုက်စစ်လေ့ကျင့်ခန်းတစ်ခုဖြစ်ဝင်များနှင့်မိမိတို့ကြည့်ရှုလေ့လာသူများအတွက် များစွာအကျိုးရှိစေကြောင်း၊ ထို့ပြင် မိမိတို့၏အထူးတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့များအားလုံး စစ်မြေပြင်တွင် ရဲဘော်ရဲဘက်စိတ်ပြည့်ဝစွာဖြင့် ဟန်ချက်ညီစွာလှုပ်ရှားတိုက်ပွဲဝင်နေသည့်ပုံရိပ်ကိုလည်း တွေ့မြင်ခံစားရမိပါကြောင်း။

တိုက်ပွဲဖြစ်ပွားမှုနှင့်အတူ စစ်ဆင်ရေးနယ်မြေအတွင်းမှ ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်များကိုလည်း ရန်သူ့ပစ်ခတ်မှုအောက် အန္တရာယ်ရှိသည့် တိုက်ပွဲနယ်မြေအတွင်းမှ ကယ်ထုတ်ရန်အတွက် မောင်းသူမဲ့ Robotic သူနာတင်ယာဉ်ဖြင့် အချိန်မဆိုင်းဘဲ လျင်မြန်စွာလှုပ်ရှား၍ ရွှေ့ပြောင်းသယ်ယူဆောင်ရွက်ပုံကိုလည်း လေ့လာတွေ့မြင်ရကြောင်း၊ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိပြီး နှစ်ဖက်တပ်မတော်အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ၏အပြန်အလှန်ခရီးစဉ်များလည်းပတ်လျက်ရှိကြောင်း။

ရုရှားတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့အကြား လေ့ကျင့်ခန်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ်၊ ရုရှားနိုင်ငံတွင် ပြုလုပ်ခဲ့သော Caucasus 2020(Kavkaz) နိုင်ငံတကာစစ်ရေးလေ့ကျင့်ခန်း၊ ၂၀၂၃ ခုနှစ် ရုရှားနိုင်ငံအရှေ့ပိုင်း ဗလာဒီဗော့စတော့ခ်မြို့မှာပြုလုပ်သည့် အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ မြေပြင်လက်တွေ့

ကြောင်း၊ ရန်သူအခြေပြုထားသည့်ပင်မတောင်ကုန်းနှင့်ရန်သူများဖြန့်ခွဲတည်ရှိသောနေရာများကို UAV၊ Drone၊ Sniper များအသုံးပြုပြီး အထူးတပ်ဖွဲ့များဖြင့် ချေမှုန်းတိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း။

လေ့ကျင့်ခန်းတွင် မြန်မာ့တပ်မတော်ကာကွယ်ရေးပစ္စည်းစက်ရုံများမှ ထုတ်လုပ်သည့် စစ်လက်နက်ပစ္စည်းများနှင့်ရုရှားတပ်မတော်က လက်ရှိအသုံးပြုလျက်ရှိသည့် နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများကိုပေါင်းစပ်ပြီး အသုံးပြုတိုက်ခိုက်ကြသည်ကိုတွေ့မြင်ရသည့်အတွက်လေ့ကျင့်ခန်းတွင် ကိုယ်တိုင်ပါဝင်လေ့ကျင့်သည့်တပ်ဖွဲ့အလားတူ ယနေ့ခေတ်သစ်စစ်ပွဲတစ်ခု၏ အသွင်သဏ္ဌာန်ဖြစ်သည့် မျက်မှောက်ခေတ်စစ်မြေပြင်တွင် ရန်သူထိခိုက်ကျဆုံးမှုများပြားအောင် ထိရောက်စွာချေမှုန်းနိုင်သည့် Drone၊ FPV များ၏ စွမ်းဆောင်ရည်နှင့် အသုံးပြုတိုက်ပွဲဝင်ပုံကိုလည်း လေ့လာကြည့်ရှုခွင့်ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ချစ်ကြည်ရင်းနှီးမှုက ရှေးနှစ်ပေါင်းများစွာမှ ယခုအထိ တိုးတက်ခိုင်မြဲလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ရင်းနှီးနွေးထွေးစွာဖြင့် တန်ဖိုးထားထိန်းသိမ်းခဲ့ရာမှာ ယနေ့အထိဖြစ်ကြောင်း၊ နှစ်နိုင်ငံလေ့ကျင့်ခန်း၊ နိုင်ငံစုံပါဝင်လေ့ကျင့်သည့် Army Game ပြိုင်ပွဲများ၊ နှစ်နိုင်ငံဗိုလ်လောင်းများ၏အားကစားပြိုင်ပွဲများ စသည့်ကဏ္ဍမျိုးစုံတွင် မြန်မာ့တပ်မတော်က ပူးပေါင်းပါဝင်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံများစွာကို ရရှိစေခဲ့ပါကြောင်း၊ ၎င်းအတွေ့အကြုံများသည် မိမိတို့မြန်မာ့တပ်မတော်၏ခေတ်မီတပ်မတော် Standard Army တည်ဆောက်ရေးအတွက် စွမ်းရည်မြှင့်တင်ရာတွင် အထောက်အကူများစွာ ဖြစ်စေပါကြောင်း။

ယခုပြုလုပ်သည့် **MYANMAR–RUSSIA JOINT EXERCISE (TIGER–2026) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင်အသုံးပြုရန် ရုရှားနိုင်ငံကယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်လေ့ကျင့်အသုံးပြုခွင့်ရရှိခဲ့ခြင်းကလည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြီးနက်ရှိုင်းစေမည်ဖြစ်**ကြောင်း။

ယနေ့ပြုလုပ်တဲ့လေ့ကျင့်ခန်းတွင်ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့သည့် နှစ်နိုင်ငံမှတပ်ဖွဲ့ဝင်များအားလုံးနှင့် လေ့ကျင့်ခန်းကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်စလုံးမှတာဝန်ရှိသူအရာရှိ၊ စစ်သည်များအားလုံးကို အသိအမှတ်ပြုပါကြောင်းနှင့်ယခုလေ့ကျင့်ခန်းမှရရှိသည့် အတွေ့အကြုံကောင်းများနှင့် ချစ်ကြည်ရင်းနှီးမှုများသည် မြန်မာ-ရုရှား တပ်မတော်နှစ်ရပ်အကြား ရေရှည်တည်တံ့ခိုင်မြဲသော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်မည့်အပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား တိုးတက်ကောင်းမွန်သော အကျိုးရလဒ်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ကြောင်းနှင့်လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့်ရုရှားတပ်မတော်သားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

**စာမျက်နှာ ၁၅ သို့** ✯

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President U Nyo Saw addresses first meeting of National-level Coastal Resources Management Central Committee

NAY PYI TAW July 17

The first meeting of the National-level Coastal Resource Management Central Committee was held at the Ingyin Hall of Office-39 of the Forestry Department in Nay Pyi Taw at 1 pm today, addressed by Chairman of the National-level Coastal Resources Management Central Committee Vice President U Nyo Saw.

Present at the meeting were Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Natural Resources and Environmental Conservation U Hsan Oo, deputy ministers, directors-general involving in management of coastal areas and guests while chief ministers of regions and states joined the meeting online.



Vice President U Nyo Saw delivers an address at the first meeting of the National-level Coastal Resources Management Central Committee in Nay Pyi Taw.

At the meeting, the Vice President said coastal resources are of upmost importance for food security, economic growth and sustainable development and measures are being taken with the aim of preserving them for the long-term utilization of posterity. By striking the balance between national development and environmental conservation, emphasis must be placed on sustainable development goals of the country.

As measures for coastal resources management, reduction of illegal fishing, application of Vessel Monitoring System (VMS), designation of fishing seasons and areas, formation of Myanmar Coastal Guards, drafting the law on water pollution and promotion of research and education sectors could be carried out. Progress has also been achieved in management of plastic waste in coastal regions and expansion of mangrove forests.

Based on the Integrated Coastal Management -ICM of coastal areas of Myanmar approved in 2024, the concepts such as Green Economy, coastal Blue Economy and Circular Economy must be integrated and implemented. Only then, can environmental conservation, economic growth and development of socio-economic lives of the people be effectively realized in harmony.

Members of the committee are required to make concerted efforts for linking development tasks for coastal and ocean resources with regional programs and to discuss existing and future measures and tasks for sustainable and balanced development of coastal areas and ocean waters based on their relevant sectors and organizations at the meeting.

Then, an educational video clip about conservation of coastal area was screened and Director General of the Forestry Department U Kyaw Zeya explained the tasks and progress of the committee.

Afterward, members of the central union ministers, chief ministers of regions and states and deputy ministers discussed completed and future tasks for national-level resources management of respective departments and regions.

Then, the Vice President reviewed the discussions, coordinated necessary tasks and made concluding remarks. The meeting concluded successfully.

**Myawady**

# Vice President Daw Nan Ni Ni Aye attends and delivers address at the Fifth International Forum on Trans-Himalayan Cooperation

NYINGCHI July 17

The opening ceremony of the Fifth China Xizang Trans-Himalaya Forum for International Cooperation, held to deepen international cooperation in the Trans-Himalayan region and promote regional collaboration and shared development, took place this morning at the Nyingchi Rui Crown Hotel in Nyingchi (Linzhi), Xizang Autonomous Region, People's Republic of China and Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar attended the ceremony and delivered an address.

The event was attended by Mr. Wang Junzheng, Party Secretary of the Xizang Autonomous Region; Mr. Wang Guangqian, Vice Chairman of the National Committee of the Chinese People's Political Consultative Conference (CPPCC); Ms. Ruby Kumari, Deputy Speaker of Nepal's House of Representatives; ministers, senior officials, delegates and experts from more than 50 countries, including Sri Lanka, Pakistan, Cambodia, Singapore, Argentina, the Republic of Korea, Chile, Bangladesh, Serbia and Italy, as well as representatives of relevant organizations, emeritus professors and university students.




Vice President Daw Nan Ni Ni Aye delivers an address at the opening ceremony of the Fifth China Xizang Trans-Himalaya Forum for International Cooperation.

Before the opening ceremony, Vice President Daw Nan Ni Ni Aye joined heads of delegations, ministers, scholars and representatives from participating countries for a group photograph.

The ceremony began with opening remarks by the Party Secretary of the Xizang Autonomous Region, followed by an address from the Vice Chairman of the CPPCC National Committee on the significance and

See Page - 19

■■ **From Page - 18**

objectives of the forum.

In her keynote address, the Vice President said the forum serves as an important platform for strengthening regional cooperation across the Trans-Himalayan region and supporting the achievement of the goals of the Kunming-Montreal Global Biodiversity Framework (KM-GBF). She noted that Myanmar has promoted cooperation with international organizations and the scientific community for many years. She highlighted the biodiversity conservation project jointly implemented by Myanmar's Forest Department and the Chinese Academy of Sciences as a notable example of bilateral cooperation. Through the project, researchers and scientists from both countries conducted extensive joint biodiversity studies, particularly in northern Myanmar, leading to the discovery of numerous new species of plants, fish, spiders and shrimp.

The Vice President also noted that Myanmar, together with China, is a founding member of the International Centre for Integrated Mountain Development (ICIMOD). She said Myanmar has been collaborating with member countries in the Himalayan region on scientific research related to social, economic and environmental development to support evidence-based policymaking aimed at environmental protection and improving people's livelihoods.

She emphasized that Myanmar is giving priority to implementing green development and green economy policies, frameworks and strategies to promote the country's socio-economic development through comprehensive, cross-sectoral approaches and broad-based cooperation. She called for greater investment in biodiversity conservation, restoration and sustainable use through nature-based solutions and urged all stakeholders to take effective action to address the underlying causes of biodiversity loss across the Trans-Himalayan region.

Recognizing the mutual benefits of bilateral and multilateral cooperation, she reaffirmed Myanmar's commitment to actively participating in projects under the Belt and Road Initiative (BRI) involving Trans-Himalayan countries. She expressed confidence that the forum would strengthen international cooperation across the region while promoting harmony between humanity and nature.

Representatives from participating countries, including deputy speakers of the House of Representatives, ministers, senior officials, scholars and representatives of organizations, also delivered remarks before the opening ceremony concluded.

The forum is expected to enhance international cooperation in the Trans-Himalayan region, strengthen joint participation among countries, and promote shared development and mutually beneficial cooperation.

**Myawady**

---

●● **From Page - 21**

personnel and the observers, as it provided an opportunity to witness the combined use of military equipment produced by the Defence Industries of Myamar Tatmadaw and advanced military equipment currently used by the Russian Armed Forces in coordinated operations. In addition, they were able to witness and appreciate the image of special task forces personnel of Myanmar and Russian troops operating and engaging in combat in a well-coordinated manner on the battlefield with a strong spirit of comradeship.

Along with the combat operations, they also had the opportunity to observe the rapid and timely evacuation and transport of injured servicemen from the operational area using unmanned robotic ambulances, which were deployed without delay to rescue wounded troops from dangerous combat zones under enemy fire. Similarly, they were able to study and observe the capabilities and combat applications of drones and FPV (First-Person View) systems, which represent a feature of modern warfare and are effectively used on today's battlefields to inflict significant damage on enemy forces.



A drone reconnaissance mission in progress.

The friendship and cordial relations between Myanmar and the Russian Federation have continued to develop and strengthen over many years up to the present. The relations between the two countries have been maintained with close and warm ties, and bilateral military cooperation has also been progressively advancing each year. Reciprocal visits by the chiefs of the two armed forces and senior military officers have been regularly taking place.

If we examine the cooperative exercises between the Russian Armed Forces and the Myanmar Armed Forces, it can be seen that the Myanmar Armed Forces have participated in various sectors, including the Caucasus 2020 (Kavkaz) international military exercise held in Russia in 2020, the ASEAN Plus Counter-Terrorism Expert Working Group Field Training Exercise held in Vladivostok, eastern Russia, in 2023, the multinational Army Games competitions, and sports competitions between the two countries' officer cadets. Through these, they have gained numerous international experiences. These experiences have greatly contributed to enhancing the capabilities for building our Myanmar Armed Forces into a modern Standard Army.

The current **MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) marks the first-ever joint exercise between the ground forces of the Myanmar Armed Forces and the Russian Armed Forces. The opportunity to practically handle and train with the military weapons and equipment brought by Russia for use in the exercise will further deepen the friendship, trust, and partnership cooperation between the two armed forces.**

I acknowledge all the personnel from both countries who participated in today's exercise, as well as the responsible officers and soldiers from both armed forces who worked hard to ensure the successful conduct of the exercise. The valuable experiences and friendships gained from this exercise will not only further promote long-lasting and sustainable cooperation between the Myanmar and Russian armed forces but also create positive and improved outcomes between the two militaries. I also extend my best wishes for the mental well-being, physical health, and completeness of all the Myanmar and Russian military personnel who took part in the exercise.

Afterwards, the Commander-in-Chief of Defence Services and the head of the Russian military delegation exchanged commemorative plaques and gifts. Subsequently, the Commander-in-Chief of Defence Services presented fruit baskets as gifts to the troops who participated in the exercise.

Then, the Commander-in-Chief of Defence Services and his delegation, together with the Russian military personnel, took a group commemorative photo to mark the successful completion of the joint exercise between the Myanmar and Russian ground forces.

Following that, Commander-in-Chief of Defence Services General Ye Win Oo hosted an honorary luncheon for the head of the Russian military delegation, Lt-Gen NOSULEV Mikhail Yakovlevich, and his contingent.

During the luncheon, the Myawady Music Band under the Office of the Directorate of Public Relations and Psychological Warfare and Russian artists performed songs. After the luncheon, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army), and the head of the Russian military delegation presented honorary flowers to the performing artists.

This joint exercise between the Myanmar and Russian ground forces commenced on July 6 at the local training school and special forces training ground in Uttarathiri Township, with Myanmar and Russian troops participating together. Subjects including engineering, drones, sniping, medical, communications, jungle operations, and mountain operations, along with battlefield experiences, were taught theoretically and practically by both Russian and Myanmar instructors. Today, practical demonstration exercises were conducted.

During their temporary stay in Myanmar, the Russian military instructors and personnel who participated in the exercise visited the Maravijaya Buddha Image in Nay Pyi Taw to pay their respects, toured the Defence Services Museum and other landmark sites, and held friendship sports competitions between the two armed forces.

**100**



# Modi launches India's first hydrogen-powered train

NEW DELHI July 17

Indian Prime Minister Narendra Modi participated on Friday in a launching ceremony of the country's first hydrogen-powered train, Indian media reported.

The train took off from the Jind station in the state of Haryana, the State-run All India Radio News reported.

The train is the first in India to use hydrogen fuel cell technology, All India Radio News said. It reportedly allows electricity to be generated directly onboard the train, making it a significantly more environmentally friendly alternative to traditional diesel locomotives.

The train was fully developed, designed and assembled in India using domestic technologies, the news outlet said, adding that it will operate in the northern state of Haryana on an 89-kilometer (55.3 miles) route.

**Sputnik**

# Andy Burnham confirmed as Britain's Labour Party leader, set to become new PM

LONDON July 17

Britain's Labour Party announced Friday that Andy Burnham has been confirmed as its leader.

Burnham, former mayor of Greater Manchester, is expected to be appointed Prime Minister on Monday after Keir Starmer formally steps down, in accordance with established procedure.

Speaking at the Trades Union Congress headquarters in central London, British Home Secretary Shabana Mahmood, who also chairs Labour's National Executive Committee, said Burnham had received nominations from 379 Labour lawmakers. As the only candidate to reach the required threshold, he was declared leader without a ballot of party members.

Burnham returned to parliament after winning the Makerfield by-election, whose result was declared on June 19. Starmer announced his resignation as Labour leader on June 22, saying he would remain prime minister until his successor was chosen.

In his speech, Burnham recalled working with Starmer about a decade ago to draft the original version of the Hillsborough law following the second Hillsborough inquest, drawing on Starmer's legal expertise.

Burnham said Britain had taken a series of wrong turns since the 1980s, as political power became increasingly centralized while essential services such as housing, water, energy and transport were privatized.

He argued that this had driven up costs, concentrated wealth and power in fewer hands and left many former industrial towns without the authority to rebuild their economies.

"I will be a leader for the north, the south, the east and the west," he said.

**Xinhua**

# Russia rejects accusations of interference in electoral processes in US

MOSCOW July 17

Russia rejects the accusations of interference in the electoral processes in the United States, Kremlin spokesman Dmitry Peskov said on Friday.

During his address to the nation on Thursday, US President Donald Trump said that Russia, China, Iran and North Korea are allegedly threats to the US electoral system.

"Russia had no influence on the United States elections in any way. We reject any accusations, we reject them resolutely," Peskov told reporters.

Moscow has never interfered in other people's internal affairs and expects that no one will interfere in the internal affairs of Russia, the official added.

**Sputnik**




# Four killed, 8 injured in 9-vehicle pile-up in Indonesia's North Sumatra

JAKARTA July 17

At least four people were killed and eight others injured in a nine-vehicle pile-up in Indonesia's North Sumatra Province on Friday, local police said.

The accident occurred on a road in Deli Serdang regency and involved three trucks, five minibuses and a motorcycle.

North Sumatra police spokesperson Ferry Walintukan said six of the injured were taken to Adam Malik Hospital in the provincial capital of Medan, while two others were treated at a nearby health clinic.

"Four people were killed. Six of the injured were referred to Adam Malik Hospital in Medan, while two others are being treated at the health clinic," Ferry said.

Police suspect that a truck driven by a 50-year-old man triggered the collision. The driver has been detained for questioning, while the cause of the accident remains under investigation.

**Xinhua**

# Magnitude 7.4 quake hits off southern Mexico

MEXICO CITY July 17

A magnitude 7.4 earthquake struck off Mexico's southern state of Chiapas on Friday morning, Mexico's National Seismological Service said.

The quake occurred at 1448 GMT on Friday. The epicenter, with a depth of 10 km, was initially determined to be at 14.16 degrees north latitude and 93.29 degrees west longitude.

There were no immediate reports of casualties. **Xinhua**

# AI development must not harm diversity of civilizations - Xi Jinping

SHANGHAI July 17

The development and application of artificial intelligence must not undermine the diversity of world civilizations or the uniqueness of national cultures, so that AI remains under human control, Chinese President Xi Jinping said at the opening ceremony of the World Artificial Intelligence Conference.

The Chinese leader stressed the need to shape AI values in line with the common values of humanity, effectively use AI technologies, strengthen mutual understanding and tolerance among different civilizations, and promote exchanges and mutual learning between them.

"To ensure that artificial intelligence remains under human control, we must jointly oppose the generalization of concepts of international and national security in the field of AI and the practice of placing the security of one country above the security of others," Xi said.

All countries should adhere to a people-centered approach to AI development, making the technology a key driver of shared prosperity and common security, he added.

Countries should strengthen awareness of AI-related risks and ensure the safety and controllability of artificial intelligence, paying close attention to both inherent and emerging risks associated with its development, Xi noted.

"It is necessary to promote the establishment of a legal and regulatory framework, a technology monitoring system, a risk warning system and an emergency response system, strengthen the foundation of security, and prevent the abuse and misuse of artificial intelligence," the Chinese leader said.

The World Artificial Intelligence Conference, themed "Global Solidarity in the AI Era," is being held in Shanghai from July 17 to 20.

**Sputnik**

# Commander-in-Chief of Defence Services General Ye Win Oo observes MYANMAR-RUSSIA JOINT EXERCISE (TIGER-2026)



Commander-in-Chief of Defence Services General Ye Win Oo delivers an address at the MYANMAR-RUSSIA JOINT EXERCISE (TIGER-2026).

NAY PYI TAW July 17

Commander-in-Chief of Defence Services General Ye Win Oo this morning observed the **MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) jointly held by Myanmar Army and Russian Army**, with the aim of sharing battle field experiences at the training zone of a local training school, Ottarathiri Station, Nay Pyi Taw Council Area.



General Ye Win Oo presents a fruit basket to a participant of the MYANMAR-RUSSIA JOINT EXERCISE (TIGER-2026).

General Ye Win Oo was accompanied by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, Union Minister for Defence General Tun Aung, Chief of General Staff (Army, Navy and Air) General Ko Ko Oo, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) Lt-Gen Tun Win,senior military officers from the Office of the Commander-in-Chief, and the Nay Pyi Taw Command commander. Lt-Gen NOSULEV Mikhail Yakovlevich of the Russian Armed Forces, the Russian Ambassador to Myanmar and officials were also present.



General Ye Win Oo hears a report on the program of the joint military exercise.

The Commander-in-Chief of Defence Services and party arrived at the observation platform of the venue of the military exercise, and heard a report on the program of the joint military exercise. The Commander-in-Chief of Defence Services gave necessary guidance.

The joint Myanmar-Russian teams conducted the drills according to the agenda, which included, drone reconnaissance missions launched by the drone team inside the enemy territory; landing of the raid teams at the helipad by helicopter; the sniper team engaging enemy fire teams with sniper rifles, pre-emptive strikes using FPV and heavy drones; conducting of the drills in accord with the attack plan, and capturing respective objectives through phase by phase penetration and destruction of the enemy. Afterward, the exercise came to an end.

The Commander-in-Chief of Defence Services and attendees watched a video clip on preparation to conduct the MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) between troops of Myanmar and Russian armies. Two Quadcopter drones hanging flags of Myanmar and Russia flew over the venue as part of successful completion of the exercise.

With regard to the joint exercise between Myanmar and Russian armies, Lt-Gen NOSULEV Mikhail Yakovlevich, leader of the Russian armed forces delegation, delivered a speech of honour, saying that the Myanmar-Russia joint army exercise, which marks an important milestone in advancing professional cooperation between the two countries, has been successfully concluded. Through the exercise, they exchanged experiences, held discussions and reviews, and conducted practical training, enabling us to successfully strengthen cooperation on the basis of mutual respect and trust.

The opportunity to work together, learn from each other's best practices, and jointly identify effective solutions has been immensely valuable. He stated that the knowledge and experience gained from this exercise will be successfully applied in the future. He expressed his belief that the friendship and professional ties established during this exercise will continue to grow stronger and endure.

He expressed his heartfelt gratitude to all the leaders, instructors, service personnel, and officials who participated and cooperated with professionalism, responsibility, and dedication to ensure the success of this exercise. He stated that the joint training between the Myanmar and Russian armies will continue to grow stronger, further promoting mutually beneficial partnership and creating new opportunities to deepen relations between the two countries. Finally, he wished everyone every success and pray that their countries may enjoy lasting peace, stability, and prosperity.

General Ye Win Oo also delivered a speech, saying that today's exercise was a joint military offensive training exercise conducted by the Special Operations Task Force of the Myanmar Tatmadaw and Russian troops to assault and eliminate a strategically important enemy-held hill that had been firmly fortified within enemy-controlled territory. The exercise involved employing UAVs, drones, and snipers, together with special operations forces, to attack and neutralize the enemy's main defensive hill and other positions where enemy forces had been dispersed.

The exercise was highly beneficial for both the participating

See Page - 19

# တပ်မတော်ဆေးရုံများနှင့်ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

**စာမျက်နှာ ၂၃ သို့** ●



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကိုမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။

● **စာမျက်နှာ ၂၂ မှအဆက်**

လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက်တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲ ရန်ကုန်မြို့၌ သုံးရက်ကြာပြသမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ၏မော်တော်ယာဉ်ဈေးကွက် အလားအလာနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပြသမည့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲကြီးကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ YCC ခန်းမ၌ ဇူလိုင်လ ၁၇ ရက်မှ ၁၉ ရက်ထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်က လျှပ်စစ်မော်တော်ယာဉ်နှင့် ဆက်စပ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲကြီးတွင် နောက်ဆုံးပေါ်ကား model များ၊ EV နည်းပညာများနှင့် မော်တော်ယာဉ်နှင့် သက်ဆိုင်သော တီထွင်ဆန်းသစ်မှုအသစ်များကို တစ်နေရာတည်းတွင် စုစည်းပြသထားပြီး နည်းပညာအသစ်များကို အနီးကပ်လေ့လာနိုင်စေရန်နှင့် နိုင်ငံတကာမော်တော်ယာဉ် အမျိုးအစားအစုံနှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံ၏ ကားဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ပြသခြင်းဖြစ်ကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းမောင်ကပြောသည်။

ပြပွဲတွင် လူစီးကားများ၊ ကုန်တင်ယာဉ်ကားများ၊ အလုစီးကားများကို ခင်းကျင်းပြသထားပြီး အရစ်ကျဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

(မိုး/ဇလ)


### ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

### စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများတင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

### ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သော စက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

### ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမေရိကန်နှင့် အီရန်တို့ကြား တိုက်ခိုက်မှုများ စစ်ပွဲအသွင်သို့ ပြန်လည်ရောက်ရှိ


တီဟီရန်၊ စစ်ရေး

အမေရိကန်နှင့် အီရန်တို့ကြား အပြန်အလှန် တိုက်ခိုက်မှုများက စစ်ပွဲအသွင်သို့ ပြန်လည်ကူးပြောင်းရောက်ရှိလာပြီး ဒေသတွင်းပဋိပက္ခများ ပိုမိုအရှိန်မြင့်တက်လာကြောင်းသိရသည်။ အမေရိကန်၏ တိုက်ခိုက်မှုများကြောင့် လူ ၈ ဦး သေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိသည်ဟု အီရန်နိုင်ငံပိုင်မီဒီယာများက ဖော်ပြသော်လည်း အမေရိကန်အရာရှိများဘက်ကမူ ချက်ချင်းတုံ့ပြန်ပြောထားခြင်းမရှိသေးပေ။

အမေရိကန်၏တိုက်ခိုက်မှုများကိုတုံ့ပြန်သည့်အနေဖြင့် အီရန်၏ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) ကလည်း နှစ်နိုင်ငံကြားနားလည်မှုစာချွန်လွှာအဆုံးသတ်ပြီးနောက် အကြီးမားဆုံးအပြန်အလှန်ပစ်ခတ်မှုအဖြစ် ဒေသတွင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ပြန်လည်တိုက်ခိုက်သည်။ ထိုသို့တိုက်ခိုက်မှုကြောင့်ကူဝိတ်နိုင်ငံရှိအမေရိကန်စစ်စခန်းများမှလျှပ်စစ်နှင့် ရေပေးဝေရေးစက်ရုံထိခိုက်ပျက်စီးခဲ့သလို ကာတာနိုင်ငံရှိ အမေရိကန်၏ရေဒါစနစ်များနှင့် စစ်လေယာဉ်များသည်လည်း ပစ်မှတ်ထားတိုက်ခိုက်ခံရကြောင်းနှင့်ကာတာက ဒုံးကျည်အချို့ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အိုမန်ရှိအမေရိကန်ရေဒါစခန်းနှစ်ခုနှင့် ဆီးရီးယားရှိ စစ်အခြေစိုက်စခန်းတို့ကိုလည်း တိုက်ခိုက်ခဲ့ကြောင်း အီရန်ကပြောထားသည်ဟုသိရသည်။ Ref: BP

# ကမ္ဘာကို ဂြိုဟ်သိမ်ဂြိုဟ်မွှားများဝင်တိုက်မည့်အန္တရာယ်ကို ကြိုတင်သတိပေးမည့်စနစ်တစ်ခု တရုတ်တည်ဆောက်



ပေကျင်း၊ အာကာသ

တရုတ်နိုင်ငံသည် ကမ္ဘာမြေသို့ ဦးတည် ရွေ့လျားလာပြီးတိုက်မိနိုင်ခြေရှိသော ဂြိုဟ်သိမ်ဂြိုဟ်မွှားများနှင့်အာကာသကျောက်တုံးကြီးများကို ကြိုတင်ထောက်လှမ်းသတိပေးနိုင်မည့် အဆင့်မြင့်ကာကွယ်ရေးစနစ်တစ်ခုကို တည်ဆောက်နေကြောင်း သိရသည်။

ယခုစီမံကိန်းသည်ကမ္ဘာမြေကြီးအပေါ် အာကာသမှ ကျရောက်နိုင်သည့်ဘေးအန္တရာယ်များမှကာကွယ်ရန်နှင့် အာကာသလုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်ထားသော တရုတ်နိုင်ငံ၏ အမျိုးသားအဆင့် မဟာဗျူဟာမြောက်ခြေလှမ်းအသစ်တစ်ခုဖြစ်သည်။

အဆိုပါ ကြိုတင်သတိပေးစနစ်တွင် ကမ္ဘာမြေပြင်အခြေစိုက် အားကောင်းသော နက္ခတ်တာရာကြည့်မှန်ပြောင်းကြီးများနှင့် အာကာသအခြေပြုဂြိုဟ်တုများကို စနစ်တကျပေါင်းစပ်အသုံးပြုမည်ဖြစ်သည်။ ၎င်းစနစ်သည် ကမ္ဘာနှင့်နီးကပ်စွာတည်ရှိနေသော ဂြိုဟ်သိမ်ဂြိုဟ်မွှားများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေစောင့်ကြည့်ပြီး ၎င်းတို့၏ပတ်လမ်းကြောင်းများကို တိကျစွာတွက်ချက်ဖော်ထုတ်ပေးမည်ဖြစ်သည်။ ထိုသို့စောင့်ကြည့်ထောက်လှမ်းခြင်းဖြင့် အန္တရာယ်ရှိသောဥက္ကာခဲများ ကမ္ဘာမြေဆီသို့မရောက်ရှိမီ နှစ်ပေါင်းများစွာ သို့မဟုတ် ဆယ်စုနှစ်များစွာကတည်းက ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန် အချိန်ရရှိစေမည်ဖြစ်သည်။

ထို့ပြင် တရုတ်အမျိုးသားအာကာသအဖွဲ့သည်ဥက္ကာခဲများ၏ လမ်းကြောင်းကို ပြောင်းလဲနိုင်မည့်ကာကွယ်ရေးနည်းပညာရပ်များကိုလည်း တစ်ပါတည်းတီထွင်စမ်းသပ်နေသည်။ အာကာသယာဉ်တစ်စင်းကိုလွှတ်တင်၍ သတ်မှတ်ထားသော ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကိုအရှိန်ပြင်းပြင်းဖြင့် တိုက်မိစေကာ ၎င်း၏ ပတ်လမ်းကြောင်းကို ပြောင်းလဲသွားစေမည့် တိုက်ရိုက်ဝင်တိုက်လမ်းကြောင်းပြောင်းခြင်းမစ်ရှင်ကို လာမည့်နှစ်များအတွင်း ဆောင်ရွက်ရန် စီစဉ်ထားသည်။ ဤအဖျက်စွမ်းအားမြင့် စမ်းသပ်မစ်ရှင်များအတွက် လိုအပ်သောနည်းပညာရပ်ဆိုင်ရာ ရွေ့ပြောင်းပုံစံစနစ်များကိုလည်း လက်တွေ့စမ်းသပ်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ ထိုကဲ့သို့သော အာကာသကာကွယ်ရေးကွန်ရက် တည်ဆောက်မှုက နိုင်ငံ၏အဆင့်မြင့်နည်းပညာစွမ်းဆောင်ရည်ကို ကမ္ဘာသို့ ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ရုံသာမက ကမ္ဘာတစ်ဝန်းလုံးရှိ လူသားမျိုးနွယ်တစ်ရပ်လုံးကို ကပ်ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် အရေးပါသော သိပ္ပံနည်းကျဆန်းသစ်တီထွင်မှုတစ်ခုလည်းဖြစ်သည်။ ထို့ပြင် အနာဂတ်တွင် ကမ္ဘာ့အာကာသအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အာကာသကာကွယ်ရေးကဏ္ဍတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။

Ref: SCMP

# AI တိုးတက်မှုက ယဉ်ကျေးမှုကို မထိခိုက်ရန်လိုအပ်ဟု ရှီကျင့်ဖျင်ပြော



ရှန်ဟိုင်း၊ နည်းပညာ

ကမ္ဘာ့ဆန်းသစ်တီထွင်မှု နည်းပညာလောကတွင် AI ၏ဖွံ့ဖြိုးတိုးတက်မှုသည် လူသားတို့၏မတူကွဲပြားသောယဉ်ကျေးမှုကို မထိခိုက်စေရန်လိုအပ်ကြောင်း ရှန်ဟိုင်းမြို့၌ကျင်းပသည့် ကမ္ဘာ့ဉာဏ်ရည်တုညီလာခံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်ကပြောသည်။

"AI ခေတ်၌ တစ်ကမ္ဘာလုံးဆိုင်ရာစည်းလုံးညီညွတ်မှု" ခေါင်းစဉ်ဖြင့် ရှန်ဟိုင်းမြို့၌ ဇူလိုင်လ ၁၇ ရက်မှ ၂၀ ရက်အထိကျင်းပနေသည့် ကမ္ဘာ့ဉာဏ်ရည်တုညီလာခံဖွင့်ပွဲအခမ်းအနားတွင် ရှီကျင့်ဖျင်က ယခုကဲ့သို့ ပြောခြင်းဖြစ်သည်။

ဉာဏ်ရည်တု (AI) နည်းပညာများ တိုးတက်လာမှုနှင့် အသုံးပြုမှုများသည် ကမ္ဘာ့လူသားမျိုးနွယ်စုများ၏ ကွဲပြားခြားနားသောယဉ်ကျေးမှုများနှင့် နိုင်ငံအသီးသီး၏ ကိုယ်ပိုင်ထူးခြားသည့် ရိုးရာဓလေ့များကို လွှမ်းမိုးဖျက်ဆီးခြင်း မရှိစေရန်နှင့် AI နည်းပညာသည် လူသားတို့၏ ထိန်းချုပ်မှုအောက်တွင်သာ အစဉ်အမြဲရှိစေရန် အလေးအနက်ထားဆောင်ရွက်ရမည်ဟု သမ္မတ ရှီကျင့်ဖျင်က အလေးအနက် ထည့်သွင်းပြောထားသည်။

အထူးသဖြင့် AI နည်းပညာ၏ တန်ဖိုးသတ်မှတ်ချက်ကို လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုံတန်ဖိုးများနှင့်အညီ ပုံဖော်ရန်လိုအပ်ပြီး မတူညီသော ယဉ်ကျေးမှုများကြားနားလည်မှုနှင့် သည်းခံနိုင်မှုတို့ကို အားကောင်းစေကာ အပြန်အလှန် သင်ယူဖလှယ်မှုများကို မြှင့်တင်ရမည်ဟု ရှီကျင့်ဖျင်ကဆိုသည်။

ထို့ပြင် AI နယ်ပယ်တွင် နိုင်ငံတကာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအယူအဆများကို လိုအပ်သည်ထက်ပိုမိုကျယ်ပြန့်စွာအသုံးချခြင်းနှင့် တစ်နိုင်ငံ၏လုံခြုံရေးကို အခြားနိုင်ငံများအပေါ်ထားရှိခြင်းကို ဆန့်ကျင်ရမည်ဟု ရှီကျင့်ဖျင်က တိုက်တွန်းထားသည်။ Ref: Sputnik

# ဖိလစ်ပိုင်နိုင်ငံ၌ ကလေးလုပ်သားဦးရေ ၈၆၈၅၄၀ အထိမြင့်တက်လာ

မနီလာ၊ ပြည်တွင်းရေး


ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်းအလုပ်လုပ်ကိုင်နေရသည့် ကလေးလုပ်သားဦးရေစုစုပေါင်းမှာ ၈၆၈၅၄၀ ဦးအထိ မြင့်တက်လာကြောင်း ဖိလစ်ပိုင်စာရင်းအင်းဦးစီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အချက်အလက်များအရ သိရသည်။

ဇူလိုင်လ ၁၇ ရက်ထုတ်ပြန်ချက်များအရ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်အရေအတွက်သည် ၂၀၂၄ ခုနှစ်က ၈၆၁၄၅၀ ဦးရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် သုည ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်သည်။ ယင်းပမာဏသည် တစ်နိုင်ငံလုံးရှိကလေးသူငယ်ဦးရေ၏ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

အလုပ်လုပ်နေသည့် ကလေးသူငယ်များအနက် ၆၁ ဒသမ ၆ ရာခိုင်နှုန်းမှာ ယောကျ်ားလေးများဖြစ်ပြီး အသက်အရွယ်အုပ်စုအလိုက် ခွဲခြားကြည့်ပါက အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးသူငယ်များမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကလေးလုပ်သားဦးရေမြင့်တက်လာရခြင်းသည် ရေရှည်ဖြစ်ပေါ်နေသည့် ဆင်းရဲမှုပြဿနာများ၊ ကုန်ဈေးနှုန်းနှင့်စားဝတ်နေရေးစရိတ်စက ကြီးမြင့်လာမှုများအပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်ရစ်ခဲ့သည့် စီးပွားရေးနောက်ဆက်တွဲရိုက်ခတ်မှုများကြောင့်ဖြစ်ကြောင်း၊ ယင်းအခြေအနေများသည် အိမ်ထောင်စုဝင်ငွေရရှိနိုင်စေရန် မိသားစုများအနေဖြင့်ကလေးသူငယ်များအပေါ် ပိုမိုမှီခိုလာစေရန် တွန်းအားပေးနေခြင်းဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောထားသည်။ Ref: Xinhua

# အိန္ဒိယနိုင်ငံက ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားပြေးဆွဲ



နယူးဒေလီ၊ ပြည်တွင်းရေး

အိန္ဒိယနိုင်ငံသည် မီးရထားပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေရမှုများကို ဖြတ်တောက်ရန် ရည်ရွယ်၍ ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားကို ဇူလိုင်လ ၁၇ ရက်တွင် စတင်ပြေးဆွဲလိုက်ပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာရီယာနာပြည်နယ်ရှိ ဂျင်နှင့်ဆိုနီပတ်မြို့တို့အကြား ၈၉ ကီလိုမီတာရှည်လျားသောခရီးစဉ်တွင် တွဲဆိုင်း ၁၀ ဆိုင်းပါဝင်သည့်အဆိုပါရထားကို စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ၎င်းတွင် စွမ်းအင်ပမာဏ ၁၂၀၀ ကီလိုဝပ်ရှိ ဟိုက်ဒရိုဂျင်လောင်စာစနစ်ကို တပ်ဆင်အသုံးပြုထားသည်။

ထိုစနစ်သည် မီးရထားလုပ်ငန်းနယ်ပယ်၌ ကမ္ဘာပေါ်တွင် စွမ်းအားအကောင်းဆုံးစနစ်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောထားသည်။ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ကိုပေါင်းစပ်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်သောကြောင့် ၎င်းမှ ရေနှင့်ရေနွေးငွေ့များကိုသာ ထုတ်လွှတ်မည်ဖြစ်သည်။

ဤနည်းပညာသစ် စတင်နိုင်မှုသည် ကမ္ဘာ့အကြီးဆုံး မီးရထားကွန်ရက်တစ်ခုကို ခေတ်မီအောင် အဆင့်မြှင့်တင်ရင်း သန့်ရှင်းသောစွမ်းအင်သို့ ကူးပြောင်းနိုင်မည့် ခြေလှမ်းသစ်တစ်ခုလည်းဖြစ်ကြောင်း အဖွင့်ခရီးစဉ်ကိုအချက်ပြအလံပြကာ ဖွင့်လှစ်ပေးသည့် ဝန်ကြီးချုပ်မိုဒီကပြောသည်။ Ref: ST

# ရောဝတီတိုင်းဒေသကြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ပုသိမ် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးအခြေခံ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယကက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယခုအလုပ်ရုံဆွေးနွေးပွဲကို ဆွေးနွေးရုံသက်သက်မဟုတ်ဘဲ တိုင်းဒေသကြီးအတွင်းက MSME လုပ်ငန်းရှင်များကို နည်းပညာ၊ ဘဏ္ဍာရေး၊ ဈေးကွက် စသည်ဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ လက်တွေ့ပူးပေါင်း ကူညီဖြေရှင်းပေးနိုင်ရန်ရည်ရွယ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှု၊ ဈေးကွက်ဖော်ဆောင်ပေးနိုင်မှု၊ ယှဉ်ပြိုင်စွမ်းရှိသည့် ပို့ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်မှုနှင့် အရင်းအနှီးလိုအပ်မှု၊ MSME လုပ်ငန်းများ တိုးတက်ဖော်ဆောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အလုပ်လက်မဲ့နည်းပါးအောင်လျှော့ချပေးနိုင်မှု၊ MSME လုပ်ငန်းများအတွက် ထုတ်ကုန်သစ်များ၊ ထုပ်ပိုးမှုပုံစံသစ်များနှင့် ပြည်တွင်းပြည်ပဈေးကွက် ချဲ့ထွင်ရေးကိစ္စရပ်များကိုရှင်းလင်းကြပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအားဂုဏ်ပြုချီးမြှင့်

မြဝတီ ဇူလိုင် ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ အောင်ချက်အကောင်းဆုံးဆုရကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၄) ရပ်ကွက် City Home ခန်းမ၌ကျင်းပရာ အခြေခံပညာအထက်တန်း(ဝါးတော)ကျောင်းမှ ကျောင်းသူများက ပန်းတိုင်းပွင့်မည်မြန်မာပြည် သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မစန္ဒာကူးမင်းထက်က မှုံရွှေရည်တေးသီချင်းဖြင့် ကပြဖျော်ဖြေပေးခဲ့သည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးဆုရကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့်ဆရာ၊ ဆရာမများ၊ အောင်ချက်အကောင်းဆုံးဆုရရှိခဲ့သည့် အခြေခံပညာအထက်တန်း(ရွှေကုက္ကိုလ်)ကျောင်း၊ အခြေခံပညာအထက်တန်း(ဝါးတော)ကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့ကို ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်းသိရသည်။

(၄၀၆)

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၇ နာရီ ၅၆ မိနစ် ၀၇ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(သပိတ်ကျင်းမြို့၏ တောင်-အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၉ ဒီဂရီ၊ အနက် ၆ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၅ ဒသမ ၃ (M) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၈ နာရီ ၁၂ မိနစ် ၁၃ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(စဥ့်ကူးမြို့၏အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၂ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။


**(မိုး/ဇလ)**


## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား


နေပြည်တော် ဇူလိုင် ၁၇

ယနေ့ည ၉ နာရီ ၁၈ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၁၀၁၇၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(Near Coast of Chiapas, Mexico) မြောက်လတ္တီတွဒ် ၁၄ ဒသမ ၇၃ ဒီဂရီ၊ အနောက်လောင်ဂျီတွဒ် ၉၂ ဒသမ ၆၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၇ ဒသမ ၃ (M) အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**




➥ **ကျောဖုံးမှအဆက်**

ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင်လ ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကိုဖြတ်ကျော်နေသောအားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ဆေးသုတေသနဦးစီးဌာန၏ သုတေသနအစီရင်ခံစာများထုတ်ဝေ



နေပြည်တော် ဇူလိုင် ၁၇

ဆေးသုတေသနဦးစီးဌာန သုတေသီများနှင့် ဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာနမှ သမားတော်ကြီးများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် သုတေသနမှအချက်အလက်များကို “မြန်မာနိုင်ငံအတွင်း ရရှိနိုင်သော လူအများစားသုံးလေ့ရှိသည့် အစားအစာများ၏ အာဟာရတန်ဖိုးများ” စာအုပ်အဖြစ် ထုတ်ဝေကြောင်းသိရသည်။

အဆိုပါ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန၏ သုတေသနအစီရင်ခံစာများထုတ်ဝေခြင်းကိုယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ခန်းမ၌ကျင်းပပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားသည်။


ထို့နောက် “မြန်မာနိုင်ငံအတွင်းရရှိနိုင်သော လူအများစားသုံးလေ့ရှိသည့် အစားအစာများ၏ အာဟာရတန်ဖိုးများ” စာအုပ်နှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာကြေးမုံထွေးနှင့် “မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆယ်ကျော်သက်ကျောင်းသားများ၏ ကျန်းမာရေးနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာခြင်း” သုတေသနအစီရင်ခံစာနှင့်ပတ်သက်၍ တွေ့ရှိချက်များကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်တို့က ရှင်းလင်းတင်ပြကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပညာသင်ကြားနေသည့် အသက် ၁၃ နှစ်မှ ၁၇ နှစ်အတွင်းရှိ ဆယ်ကျော်သက်ကျောင်းသား၊ ကျောင်းသူများတွင် အဝလွန်ခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်ပွားနိုင်ခြေများ၊ အာဟာရအခြေအနေ၊ ကျန်းမာရေးအပြုအမူများနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်ဖြစ်စေသော အချက်အလက်များကို သုတေသနပြုဆောင်ရွက်ခဲ့ပြီးရရှိလာသည့်အချက်အလက်များအားအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာ အကျိုးပြုသွားမည်ဖြစ်ကာ ကျန်းမာရေးဝန်ထမ်းများသာမက နီးနွယ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ သူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများ၊ သုတေသီများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# မကွေးစက်မှုဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



မကွေး ဇူလိုင် ၁၇

မကွေးစက်မှုဇုန် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစဉ် စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီစွာစံနှုန်းများနှင့်အညီ သတ်မှတ်ကာလပြီးစီးရေး မှာကြားပြီး လိုအပ်သည်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စက်မှုဇုန်စီမံကိန်း Site Cleaning Survey တိုင်းတာဆောင်ရွက်မှု၊ မြေကွက်တိုင်းတာချထားပေးမှု၊ လက်ရှိစက်မှုဇုန်တွင်လုပ်ငန်းလုပ်ကိုင်ရန်လုပ်ငန်းရှင်များက လုပ်ငန်းပြင်ဆင်ဆောင်ရွက်မှု၊ လမ်းအူကြောင်းဖော်လုပ်ငန်းများ၊ စက်မှုဇုန်အတွင်းလမ်းများ ပြီးစီးဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မကွေးစက်မှုဇုန်သည် မကွေးမြို့၏ လေးမိုင်ခန့်အကွာ မကွေး-တောင်တွင်းကြီးကားလမ်းဘေးတွင်တည်ရှိပြီး အကျယ်အားဖြင့် ၄၆၁ ဒသမ ၁၄ ဧက ကျယ်ဝန်းကာ စက်မှုဇုန်အနီး ဧရာဝတီမြစ်တည်ရှိသည့်အတွက် စက်မှုဇုန်ဖွံ့ဖြိုးလာသည့်အချိန်တွင် ကုန်တင်၊ ကုန်ချဆိပ်ကမ်းငယ်တစ်ခုဆောင်ရွက်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုပိုမိုအဆင်ပြေချောမွေ့နိုင်သည့် စက်မှုဇုန်တစ်ခုဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂˚c | / | ၂၉˚c |
| ရန်ကုန် | ၂၅˚c | / | ၃၂˚c |
| မန္တလေး | ၂၆˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest -EOI) ခေါ်ယူခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနလက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ရန်ကုန်-ပဲခူးလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများမှ ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများနှင့် ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသုံးဆီများ၏ အရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ ရလဒ်များအား Test Report ထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO/ IEC 17025) ရရှိရေး၊ ပို့ကုန်သွင်းကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရေးနှင့် စီးပွားဖြစ်တွက်ခြေကိုက်မှုရှိစေရေး(Commercialization) တို့အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် Joint Operation စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ပုံစံကို www.doca.gov.mm တွင် download ရယူ၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်သို့လိပ်မူ၍လည်းကောင်း၊ အီးမေးလ် itqmconsumer@gmail.com သို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

**စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) နှင့်အတူ ပူးတွဲတင်ပြရမည့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျသေချာစွာဖော်ပြ၍ ဆောင်ရွက်မည့်လုပ်ငန်းစီမံချက် (Work Plan ၊ Budget Plan) နှင့်အတူ အကြောင်းကြားစာ

(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ဂ) အဆိုပြုကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မည့်ပြည်ပကုမ္ပဏီရှိပါက ယင်းကုမ္ပဏီ၏ အချက်အလက်များ (ပူးတွဲဖြင့်တင်ပြရန်)

(ဃ) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံ (ပြည်တွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းဌာန၊ လုပ်ငန်းအဖွဲ့အစည်း၏ ထောက်ခံချက်၊ ပြည်ပတွင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းအထောက်အထားများကို ပူးတွဲဖြင့်တင်ပြရန်)

(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့်သက်ဆိုင်သည့် အထောက်အထားများ (ယခင် ၃ နှစ်အတွင်း လက်မှတ်ရ စာရင်းစစ်အဖွဲ့က စာရင်းစစ်ဆေးထားသည့်အစီရင်ခံစာ)

(စ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person အမည်၊ ရာထူး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email လိပ်စာ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၄၅၉၊ ၀၆၇-၃၄၃၀၅၁၀)

**စားသုံးသူရေးရာဦးစီးဌာန**

**စိတ်ဝင်စားမှုအဆိုပြုလျှောက်လွှာပုံစံ**

၁။ ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီအမည် ..............................
၂။ သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်အမှတ် ..............................
၃။ ကုမ္ပဏီမှတ်ပုံတင်သည့်နိုင်ငံ ..............................
၄။ ကုမ္ပဏီရုံးချုပ်တည်ရှိသည့်လိပ်စာ ..............................
တယ်လီဖုန်း ..............................
အီးမေး ..............................
ဖက်စ် ..............................
ဝက်ဘ်ဆိုဒ်လိပ်စာ ..............................
၅။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ..............................
ရာထူး ..............................
နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ် ..............................
ဖုန်းနံပါတ် ..............................
အီးမေး ..............................
၆။ ကုမ္ပဏီ၏လုပ်ငန်းအတွေ့အကြုံ ..............................
၇။ ကုမ္ပဏီ၏အခြားသောလုပ်ငန်းများ နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းအတွေ့အကြုံ ..............................
၈။ ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ
(က) အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေးအတွက်ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ ..............................
(ခ) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများအတွက် ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ ..............................
(ဂ) ရင်းနှီးမြှုပ်နှံမည့်စက်ပစ္စည်းကိရိယာ (Brand New) အမျိုးအမည်နှင့်ထုတ်လုပ်သည့်နိုင်ငံ (နောက်ဆက်တွဲဖြင့်ဖော်ပြရန်) ..............................
(ဃ) နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/IEC 17025) လျှောက်ထားရန်လိုအပ်ချက်များအတွက်ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ ..............................
၉။ နည်းပညာပူးပေါင်းဆောင်ရွက်မည့် (ပြည်တွင်း/ပြည်ပ) ပညာရှင်များ၏ သက်ဆိုင်ရာ အချက်အလက်များ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ် | ပညာ အရည်အချင်း | ကျွမ်းကျင်မှု နယ်ပယ် | လုပ်ငန်း အတွေ့အကြုံ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

..............................
လျှောက်ထားသူလက်မှတ်
အမည် ..............................
ရာထူး ..............................
ကုမ္ပဏီ ..............................
ဖုန်းနံပါတ် ..............................

# (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်ကြမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်







အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း







## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# ကမ္ဘာ့ဖလားပြိုင်ပွဲ သတင်းအတိုများ



အသက် ၂၀ မပြည့်မီ ကမ္ဘာ့ဖလားဗိုလ်လုပွဲကစားရမည့်ကစားသမားများအဖြစ် စပိန်အသင်းမှ ယာမယ်နှင့် ကျူဘာစီတို့က မှတ်တမ်းဝင်မည်ဖြစ်ပြီး ၎င်းတို့နှစ်ဦးမတိုင်မီက ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို အသက် ၂၀ မပြည့်ဘဲ ကစားခွင့်ရရှိခဲ့ကြသည့်ကစားသမားများအဖြစ် ၁၉၅၈ ခုနှစ်က ဘရာဇီးအသင်းမှ ပီလီက အသက် ၁၇ နှစ်ဖြင့်လည်းကောင်း၊ ၁၉၈၂ ခုနှစ်က အီတလီအသင်းမှ ဘာဂိုမီက ၁၈ နှစ်ဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်က လက်ရှိ ပြင်သစ်အသင်းမှ အမ်ဘတ်ပီက ၁၉ နှစ်ဖြင့်လည်းကောင်း ရပ်တည်ခဲ့ကြပြီး ယခုအခါ ယာမယ်နှင့် ကျူဘာစီတို့က လေးဦးနှင့် ငါးဦးမြောက်ကစားသမားများအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

---



အင်္ဂလန်အသင်းနည်းပြ တူချယ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့သော်လည်း အသင်းကို စာချုပ်ပါအတိုင်း ၂၀၂၈ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်မည်ဟု အာဂျင်တီးနားအသင်းနှင့် ပွဲစဉ်အပြီးတွင် အတည်ပြုပြောကြားခဲ့သည်။ နည်းပြ တူချယ်သည် အာဂျင်တီးနားအသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ၅၅ မိနစ်တွင် ဂေါ်ဒွန်၏ သွင်းဂိုးဖြင့် အင်္ဂလန်အသင်းက ဦးဆောင်နိုင်ခဲ့ပြီးနောက် လက်ကျန်ပွဲချိန်များတွင် ရလဒ်ကိုထိန်းချုပ်ရန် ကွင်းလယ်နှင့် တိုက်စစ်ကစားသမားများကို ထုတ်ပယ်ကာ ခံစစ်ကစားသမားများနှင့် အစားထိုးကစားစေခဲ့ရာမှ ၂ ဂိုး-၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့၍ ၎င်း၏နည်းစနစ်များနှင့်ပတ်သက်ပြီး ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။

---



ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့ကစားသည့်ပွဲစဉ်တွင် နောက်ကျောဒဏ်ရာရရှိခဲ့သည့် ပြင်သစ်အသင်း ခံစစ်ကစားသမား ဆလီဘာ အနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် ပြင်သစ်အသင်းနှင့်အတူ တတိယနေရာလုပွဲကို လွဲချော်မည်ဖြစ်သည်။ ထို့ပြင် ဆလီဘာသည် ခွဲစိတ်ကုသမှုခံယူအပြီးတွင်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် ငါးလခန့်အနားယူရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်း၌ ယခုနှစ်ကုန်ပိုင်းအထိ အနားယူရမည်ဖြစ်သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ရာသီဝက်နီးပါးခန့်အနားယူရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းခံစစ်ပိုင်းအတွက် ကြီးမားသည့်နစ်နာမှုများရှိလာမည်ဖြစ်သည်။

## ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ သုံးကြိမ်မြောက် တက်ရောက်နိုင်သည့် ဒုတိယမြောက် ကစားသမားအဖြစ် မက်ဆီမှတ်တမ်းဝင်

ဝါရှင်တန် ဇူလိုင် ၁၇

အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီသည် အင်္ဂလန်အသင်းနှင့်ကစားသည့်ပွဲစဉ်အပြီးတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ သုံးကြိမ်မြောက်တက်ရောက်နိုင်သည့် ဒုတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များမှစတင်ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပြိုင်ပွဲ၏စံချိန်မှတ်တမ်းကောင်းများစွာကို ပိုင်ဆိုင်ခဲ့သကဲ့သို့ အင်္ဂလန်အသင်းနှင့်ပွဲစဉ်အပြီးတွင်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဗိုလ်လုပွဲသို့ သုံးကြိမ်မြောက် တက်ရောက်နိုင်ခဲ့သည့် ဒုတိယမြောက်ကစားသမားဖြစ်လာခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မက်ဆီမတိုင်မီက ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ သုံးကြိမ်တက်ရောက်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဘရာဇီးအသင်းကစားသမားဟောင်း ကာဖူးက ၁၉၉၈ ခုနှစ်၊ ၁၉၉၄ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့တွင် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

တိုက်စစ်ကစားသမား မက်ဆီသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်း၌ သွင်းဂိုး ၂၁ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သွင်းဂိုးရှစ်ဂိုးဖြင့် ထိပ်ဆုံး၌ရပ်တည်နေကာ ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ရန် နီးစပ်နေသကဲ့သို့ ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင်လည်း ငါးကြိမ်ဖြင့် ဦးဆောင်နေသည့် ပြင်သစ်အသင်းမှ အိုလီဆီထက် တစ်ကြိမ်လျော့နည်းပြီး ဒုတိယနေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref:B/R Football*

---

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲကြိုသုံးသပ်ချက်

စည်သူအောင်

### ပြင်သစ် VS အင်္ဂလန်

ကစားမည့်ရက်/အချိန်
(၁၉-၇-၂၀၂၆ နံနက် ၃ နာရီခွဲ)


| ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ် | အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ် |
|---|---|
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| ပြင်သစ် ၃ - ၁ ဆီနီဂေါ | အင်္ဂလန် ၄ - ၂ ခရိုအေးရှား |
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| ပြင်သစ် ၃ - ၀ အီရတ် | အင်္ဂလန် ၀ - ၀ ဂါနာ |
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| နော်ဝေ ၁ - ၄ ပြင်သစ် | ပနားမား ၀ - ၂ အင်္ဂလန် |
| ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် | ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် |
| ပြင်သစ် ၃ - ၀ ဆွီဒင် | အင်္ဂလန် ၂ - ၁ ကွန်ဂို |
| ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် | ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် |
| ပါရာဂွေး ၀ - ၁ ပြင်သစ် | မက္ကဆီကို ၂ - ၃ အင်္ဂလန် |
| ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ရလဒ် | ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ရလဒ် |
| ပြင်သစ် ၂ - ၀ မော်ရိုကို | နော်ဝေ ၁ - ၂ အင်္ဂလန် |
| ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ရလဒ် | ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ရလဒ် |
| ပြင်သစ် ၀ - ၂ စပိန် | အင်္ဂလန် ၁ - ၂ အာဂျင်တီးနား |




ခန့်မှန်းရလဒ် ပြင်သစ် ၂ - ၁ အင်္ဂလန်

တတိယနေရာလုပွဲဖြစ်လို့ နှစ်သင်းစလုံးအတွက် အမှားခံမှာမဟုတ်ပါဘူး။ ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာလည်း ပြင်သစ်အသင်းက လေးကြိမ်နိုင်၊ အင်္ဂလန်အသင်းက သုံးကြိမ်နိုင်နဲ့ တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ကွာခြားမှုတော့မရှိပါဘူး။ လက်ရှိကစားသမားအင်အားပိုင်းမှာလည်း နှစ်သင်းကြား ကွာခြားမှုမရှိဘူးဆိုပေမယ့် တိုက်စစ်ပိုင်းမှာတော့ ပြင်သစ်အသင်းက အသာစီးမှာရှိနေတာကိုတွေ့ရမှာပါ။ ပြင်သစ်အသင်းအနေနဲ့ သုံးကြိမ်ဆက် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်ခွင့်နဲ့လွဲချော်ခဲ့တယ်ဆိုပေမယ့် တတိယဆုရယူနိုင်မယ့်အခွင့်အရေးအတွက် အမှားခံမှာမဟုတ်ပါဘူး။ အင်္ဂလန်အသင်းကတော့ ပြီးခဲ့တဲ့ အာဂျင်တီးနားအသင်းနဲ့ပွဲစဉ်မှာ အဓိကကစားသမားတွေဖြစ်တဲ့ ခံစစ်ကစားသမား ရီစီဂျိမ်းနဲ့ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်တို့ ဒဏ်ရာရရှိခဲ့ပြီး အခုပွဲကို ပါဝင်နိုင်ဖို့မသေချာလို့ ရှုံးကန်ရနိုင်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းပိုမိုအားကောင်းတဲ့ ပြင်သစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

လယ်ဝေးနှင့် ဒလမြို့နယ်တို့တွင် ပင်လယ်ပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၂၀ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၈၀၀ ကီလိုကျော် ဖမ်းဆီးရမိမှုမှ ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ရရှိမှုအခြေအနေ






တရားခံ ကျော်ဦး၊ ချိုလွင်၊ သန်းဝေ၊ ခင်မောင်ထွန်း၊ မိုးဇော်ဦး၊ မျိုးသန်း၊ ကျော်ကျော်ဝင်း၊ ရာဇာဟိန်း(ခ)ရာဇာ၊ ဝင်းနိုင်ဦး၊ စမျိုးမင်း၊ မောင်မောင်၊ လှမျိုးခိုင်နှင့် မြင့်ခိုင်တို့အား သိမ်းဆည်းရမိသည့်အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူတွေ့ရစဉ်။



သိမ်းဆည်းရမိ အိုက်စ်များနှင့်အတူ တရားခံ လှမျိုးခိုင်၊ သန်းဝေ၊ မိုးဇော်ဦး၊ စမျိုးမင်း၊ ချိုလွင်၊ မောင်မောင်၊ ဝင်းနိုင်ဦး၊ ခင်မောင်ထွန်း၊ မြင့်ခိုင်နှင့် ကျော်ကျော်ဝင်းတို့အား တွေ့ရပုံ။(ဝဲမှယာ)

❒ **ကျောဖုံးမှအဆက်**

သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇေယျာလင်းနှင့် ထွေးမင်းဇော်တို့ ၂ ဦးအား မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းဆုံတွင်လည်းကောင်း၊ ဇူလိုင်လ ၈ ရက်နေ့ နံနက် ၈ နာရီခွဲအချိန် မျိုးသန်းအား ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၌ TOYOTA HILUX SURF ယာဉ် ၁ စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၁၁ နာရီခွဲအချိန် ဝေထွန်းပိုင်ဆိုင်သည့် ဒလမြို့၊ မှောက်စက်ရပ်ကွက်၊ ရန်ကုန်မြစ်ကမ်းတွင် ဆိုက်ကပ်ထားသော မိဘမေတ္တာ(၁)စက်လှေပေါ်မှခင်မောင်ထွန်း၊ စမျိုးမင်း၊ ကျော်ကျော်ဝင်း၊ ဝင်းနိုင်ဦး၊ မိုးဇော်ဦး၊ မောင်မောင်၊ ချိုလွင်၊ သန်းဝေ၊ လှမျိုးခိုင်၊ မြင့်ခိုင်တို့ ၁၀ ဦးအား အိုက်စ်(မက်သ်အဖက်တမင်း) ၃၁၀ ကီလို (ကာလတန်ဖိုး ၇ ဒသမ ၇၅ ဘီလီယံ)ကျပ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ပင်လယ်ပြင်သို့သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူကျော်ဦးအား ကွမ်းခြံကုန်းမြို့နယ်၌ လည်းကောင်း၊ ရာဇာဟိန်း(ခ)ရာဇာအား ဗိုလ်တထောင်မြို့နယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်သို့ တာဝန်ခံသယ်ဆောင်သူမှာ လားရှိုးမြို့နယ်၊ ပန်ဟိုးကျေးရွာနေ ရန်ကြီးရှော(ခ)ကုလား(ခ)ရန်ကုလား(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ရန်ကုန်မှ ပင်လယ်ပြင်သို့ တင်ပို့ရာတွင် အဓိကစီမံခန့်ခွဲသူမှာ မှော်ဘီမြို့နယ်၊ ညောင်ပင်သာရွာနေ ဝေထွန်း(ဖမ်းဆီးရန်ကျန်) ဝီလျံထွန်းကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး ၎င်းနှင့်အတူပူးပေါင်းပါဝင်သော ဝီလျံထွန်းကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည့် ဒေါပုံမြို့၊ နွယ်အေးရပ်ကွက်နေ မြတ်သူ(ခ)မြတ်သစ်(ဖမ်းဆီးရန်ကျန်)၊ တာမွေမြို့နယ်နေ ရာဇာဟိန်း(ခ)ရာဇာ၊ မြောက်ဒဂုံမြို့နယ်နေ မျိုးသန်းတို့သည် ရန်ကုန်မှတစ်ဆင့်ပင်လယ်ပြင်သို့သယ်ဆောင်ရောင်းဝယ်ခဲ့သူများဖြစ်သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

**၁၇-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**အမည်မှန်**

လယ်ဝေးမြို့၊ အ.လ.က(အင်ပု) Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးတင့်လွင်၏သမီး မယွန်းယွန်း၏အမည်မှန်မှာ မယွန်းရတီဖြစ်ပါကြောင်း။

**မယွန်းရတီ**

**မိခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.လ.က(ခွဲ)မြို့မ Grade-8 မှ မောင်နေလင်းထိုက်၏မိခင်အမည်မှန်မှာ ဒေါ်သူသူခင် ၉/လဝန(နိုင်)၂၁၃၉၉၄ ဖြစ်ပါကြောင်း။

**ဒေါ်သူသူခင်**

**ဖခင်အမည်မှန်**

တောင်ငူမြို့နယ်၊ ကေတုမတီအခြေခံပညာအထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မောင်ထက်မင်းလူ၏ဖခင်အမည်မှန်မှာ ဦးစည်သူအောင် ၉/စကန(နိုင်) ၁၀၆၂၇၈ ဖြစ်ပါကြောင်း။ **ဦးစည်သူအောင်**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ အ.ထ.က Grade-12(S2) တွင် ပညာသင်ကြားနေသော မသင်းမီမီသော်၏ဖခင်ဦးမင်းဇော်အောင်၏အမည်မှန်မှာ ၈/မမန(နိုင်)၁၅၇၈၈၆ အရ ဦးမင်းဇော်ဖြစ်ပါကြောင်း။ **ဦးမင်းဇော်**

**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က (၁)Grade-10 တွင် ပညာသင်ကြားနေသော အဘ ဦးတင့်ဝေ၏သမီး မအိမ့်ချမ်းမြေ့အား ယနေ့မှစ၍ မယဉ်ချမ်းမြေ့အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယဉ်ချမ်းမြေ့အောင်**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ အ.ထ.က Grade-12(S2) တွင် ပညာသင်ကြားနေသော မသက်မှူးခင်၏ဖခင်ဦးသန်းဇော်၏အမည်မှန်မှာ ၁၂/တကန(နိုင်)၁၆၂၄၂၁ အရ ဦးသန်းဇော်ဦးဖြစ်ပါကြောင်း။ **ဦးသန်းဇော်ဦး**

**ပျောက်ဆုံးကြောင်း**

သက်နိုင်ဝင်း(ဘ)ဦးသန်းအောင် ၁၄/မအပ(နိုင်)၁၄၉၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

စောလားပွဲစေး(ဘ)ဦးသန်းစိုး ၁၄/ဓနဖ(နိုင်)၂၀၂၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၄၇၉၁၉၀၀

**ပျောက်ဆုံးကြောင်း**

နှင်းနှင်းခိုင်(ဘ)ဦးမောင်ရွှေ ၁၂/လကန(နိုင်)၂၅၉၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၅၃၉၀၅၃

**ပျောက်ဆုံးကြောင်း**

သန့်ဇော်ထွန်း(ဘ)ဦးစံထွန်း ၁၂/လမတ(နိုင်)၀၃၆၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၁၀၀၀၁၆

**ပျောက်ဆုံးကြောင်း**

တင်ထွန်းဦး(ဘ)ဦးရာဂျူး ၁၂/သလန(ပြု)၀၀၅၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၄၈၈၀၁၂

**ပျောက်ဆုံးကြောင်း**

အောင်မြင့်မော်(ဘ)ဘီထန်ခန့်ဒို ၅/ကလထ(နိုင်)၁၆၁၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၉၄၂၉၇၁

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မြေတိုင်းဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းအား ဌာနအရောက်တန်ဖိုး(D.D.P)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Desktop Computer | (4)Sets |
| (ခ) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား ၂၇-၇-၂၀၂၆ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး (၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်ရယူနိုင်ပါမည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

မြေတိုင်းဦးစီးဌာန၊

မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃

၀၉-၉၆၄၉၃၄၅၇၆၊ ၀၉-၄၄၄၄၅၃၇၉၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနတို့တွင် အောက်ဖော်ပြပါစက်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၄)ခုတို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့်အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

| Lot No | ဌာန | လုပ်ငန်းအမည် |
|---|---|---|
| 1. | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | Linear Accelerator (LA 2 H295637)ပြုပြင်ထိန်းသိမ်းခြင်း |
| 2. | အမျိုးသားကင်ဆာကုသရေးဗဟိုဌာန | Linear Accelerator(LA Radixact 1 treatment delivery System) ပြုပြင်ထိန်းသိမ်းခြင်း |
| 3. | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | Angio System(Cath Lab) ပြုပြင်ထိန်းသိမ်းခြင်း |
| 4. | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | Siemens SPECT/ CT ပြုပြင်ထိန်းသိမ်းခြင်း |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၇-၂၀၂၆ (သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၃၀-၇-၂၀၂၆ (ကြာသပတေးနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး
တင်ဒါကော်မတီ
၀၁-၂၅၆၁၁၂ Ext; (၈၀၂)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## တိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
## ခရိုင်သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊
## မြို့နယ်သစ်တောဦးစီးဌာန၊ အလုံမြို့နယ်ရှိ
## ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်နှင့် မီးသွေးအား
## လေလံတင်ရောင်းချရေးကော်မတီက
## ပုံစံ(၈)ဝင် အလုံမြို့နယ်မှ လေလံအမှတ်စဉ်(၁/၂၀၂၆-၂၀၂၇)၊
## ကျွန်းတံခါးချပ်(၂၅)ချပ်၊ (၀.၈၄၆၆)တန်နှင့်
## လေလံအမှတ်စဉ်(၂/၂၀၂၆-၂၀၂၇)၊ (၃၆)ပေါင်ဝင် မီးသွေး(၇၅)အိတ်၊ (၉.၆၀)တန်အား
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ်မှ ပုံစံ(၈)ဝင် ကျွန်းတံခါးချပ်(၂၅)ချပ်၊ (၀.၈၄၆၆)တန်နှင့် (၃၆)ပေါင်ဝင် မီးသွေး(၇၅)အိတ်၊ (၉.၆၀)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်
(၁) နေ့ရက် - (၂၄-၇-၂၀၂၆)ရက်နေ့(သောကြာနေ့)
(၂) အချိန် - နံနက် (၁၀:၀၀)နာရီ
(၃) နေရာ - ကြို့ကုန်းသစ်တောဝင်း၊ ဓမ္မာရုံ

၂။ ခရိုင်သစ်တောဦးစီးဌာနမှူးရုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ဈေးပြိုင်ဝယ်ယူခွင့်လျှောက်လွှာနှင့်စည်းကမ်းချက်(၁)စုံအား (၃၀၀၀/-)နှုန်းဖြင့် (၂၀-၇-၂၀၂၆)ရက်နေ့မှ (၂၃-၇-၂၀၂၆)ရက်နေ့အထိနောက်ဆုံးထား၍ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့်လပ်ပုံများကို (၂၀-၇-၂၀၂၆)ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ(၇)ရက်အလို ရုံးချိန်အတွင်း ပစ္စည်းတည်နေရာတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၏ တယ်လီဖုန်းအမှတ်- ၀၉-၂၂၁၂၂၆၉၉၊ ၀၉-၂၆၁၂၂၃၀၂၀ နှင့် Email လိပ်စာ westdistrict.fd2025@gmail.com၊ အလုံမြို့နယ်၊ ဦးစီးအရာရှိ၏တယ်လီဖုန်းအမှတ်-၀၉-၇၅၇၇၄၁၂၅၅ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ
ရန်ကုန်အနောက်ပိုင်းခရိုင်

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်)(၃၀၀)တန်ခန့်၊ သစ်မာသစ်လုံး(နယ်)(၁၂၅၀)တန်ခန့်နှင့် ကျွန်းခွဲသား(၇၂)တန်ခန့်

(ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား(၂၅၀)တန်ခန့်

(ဂ) ရောင်းချမည့် ရက်နှင့်အချိန် - (၆-၈-၂၀၂၆)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

၄။ ဆက်သွယ်ရန်-Ph; 01-287430, 01-528771, 01-528764

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊
## ရန်ကုန်မြို့။
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် Core Banking System ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံအား စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၂-၆-၂၀၂၆ ရက်နေ့မှ ၂၁-၇-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနောက်ဆုံးလက်ခံမည့် နေ့ရက်နှင့်အချိန်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာနောက်ဆုံးလက်ခံမည့်နေ့ရက် (၂၁-၇-၂၀၂၆)ရက်နေ့
(ခ) တင်ဒါလျှောက်လွှာနောက်ဆုံးလက်ခံမည့်အချိန် (၁၆:၃၀ နာရီ)

၄။ တင်ဒါဖွင့်မည့်နေ့ရက်အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် Website www.micb.gov.mm နှင့် ကြော်ငြာသင်ပုန်းတို့၌ အသိပေးကြေညာသွားပါမည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

**ပျောက်ဆုံးကြောင်း**
နန္ဒာစိုး(ဘ)ဦးကျော်စိုးမိုး ၁၀/သထန(နိုင်)၂၆၃၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၁၃၀၄၃၁

**ပျောက်ဆုံးကြောင်း**
ကျော်ဇေယျ(ဘ)ဦးကျော်ရှိန် ၁၂/သဃက(နိုင်)၀၃၀၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မောင်စိုးပိုင်(ဘ)ဦးမျိုးမြင့် ၁၂/ဒဂမ(နိုင်)၀၁၄၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အ.ထ.က Grade -12 မှ အဘ ဦးအောင်တင်ဝင်း ၇/ညလပ(နိုင်)၁၄၅၀၁၅ ၏ သမီး မဆုမြတ်သွယ်အား မစုရတနာထွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မစုရတနာထွေး**

**ပျောက်ဆုံးကြောင်း**
သက်လင်းထွန်း(ဘ)ဦးမောင်အေးဖြူ ၁၁/ကဖန(နိုင်)၀၆၈၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 650604)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လီကျားတယ်(ဘ)ဦးလီကွေးဟွာ ၁၃/လကန(နိုင်)၀၁၂၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၀၇၇၇၇၇

**ပျောက်ဆုံးကြောင်း**
ထွန်းလှိုင်(ခ)ထွန်းအေး(ဘ)ဦးကြူအန်စိန် ၁၂/လသန(နိုင်)၀၀၃၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထွန်းသိန်း(ဘ)ဦးထွန်းကြည် ၁၀/ခဆန(နိုင်)၁၃၂၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ရတနာဦး(ဘ)ဦးကျော်ကျော်ဦး ၁၂/ကမတ(နိုင်)၀၇၉၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 625451)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကြည်လင်း(ဘ)ဦးမောင်ချိန် ၁၀/သဖရ(နိုင်)၀၉၂၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**
ဘားအံမြို့နယ်၊ သံလှယ်အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မိအိန်ရီချမ်း ၃/ဘအန(နိုင်)၅၆၅၄၉၀ ၏ဖခင်အမည်မှန်မှာ ဦးမင်းဝင်းနိုင် ၃/ဘအန(နိုင်)၁၅၅၇၀၂ ဖြစ်ပါကြောင်း။ **ဦးမင်းဝင်းနိုင်**

**ပျောက်ဆုံးကြောင်း**
ထက်မြတ်အောင်(ဘ)ဦးဆင့် ၇/ညလပ(နိုင်)၂၃၄၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 643730)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**
ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မိအိရွှေစင် ၃/ဘအန(နိုင်)၅၆၅၅၁၉ ၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုးနိုင်ဦး ၃/ဘအန(နိုင်)၁၅၅၇၀၂ ဖြစ်ပါကြောင်း။ **ဦးမင်းစိုးနိုင်ဦး**

**ဖခင်အမည်မှန်**
ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မိမြတ်မာလာ ၃/ဘအန(နိုင်)၅၆၅၄၉၁ ၏ဖခင်အမည်မှန်မှာ ဦးမင်းဉာဏ်အောင် ၃/ဘအန(နိုင်)၂၀၃၂၁၀ ဖြစ်ပါကြောင်း။ **ဦးမင်းဉာဏ်အောင်**

**ဖခင်အမည်မှန်**
ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade-12မှမိကေသီချမ်း ၃/ဘအန(နိုင်)၅၆၅၅၁၁ ၏ဖခင်အမည်မှန်မှာ ဦးမင်းထူး ၃/ဘအန(နိုင်)၁၆၆၂၈၃ ဖြစ်ပါကြောင်း။ **ဦးမင်းထူး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်အုပ်စု၊ မြို့ဟောင်းကျေးရွာနေ ဦးမောင်စိန်သင်း(ခ)ဦးစိန်သင်း ၃/ကဆက(နိုင်)၀၅၃၃၈၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်စိန်သင်း(ခ)ဦးစိန်သင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်အုပ်စု၊ မြို့ဟောင်းကျေးရွာနေ ဦးစောသောင်းအေး(ခ)ဦးသောင်းအေး ၃/ကဆက(နိုင်)၀၄၈၃၀၉ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောသောင်းအေး(ခ)ဦးသောင်းအေး**

**အမည်မှန်**
ဘားအံမြို့နယ်၊ အိန္ဒုအခြေခံပညာအထက်တန်းကျောင်း၊ Grade-9 မှ နန်းရွှေစင်ထက်၏ အမည်မှန်မှာ နန်းသဇင်ထက်ဖြစ်ပါကြောင်း။ **နန်းသဇင်ထက်**

**ပျောက်ဆုံးကြောင်း**
သွန်းဝတီဖွေး(ဘ)ဦးသန့်ဇင်ထွေး၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၃၇၈၄၁

**ပျောက်ဆုံးကြောင်း**
အံ့လူလင်း(ဘ)ဦးနေလင်း ၈/နမန(နိုင်)၂၀၈၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၆၈၂၇၀၈

**ပျောက်ဆုံးကြောင်း**
သိန်းမောင်(ဘ)ဦးမောင်မောင် ၁၂/ဒဂတ(ပြု)၀၀၀၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၄၄၆၃၈၁

**ပျောက်ဆုံးကြောင်း**
မြဝတ်ရည်ခိုင်(ဘ)ဦးမြခိုင် ၁၂/ကမန(နိုင်)၁၃၃၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က (၁)Grade-11၊ အခန်း(D)တွင် ပညာသင်ကြားနေသော မရွှန်းလဲ့ကေ၏ဖခင်အမည်မှန်မှာ ၁၄/ဖပန(နိုင်)၁၇၇၈၉၂ ကိုင်ဆောင်သူ ဦးထွန်းထွန်းဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း**

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က (၁)Grade-11၊ အခန်း(D)တွင် ပညာသင်ကြားနေသော မဆုလဲ့နိုင်၏ဖခင်အမည်မှန်မှာ ၁၄/ဖပန(နိုင်)၁၃၄၆၆၅ ကိုင်ဆောင်သူ ဦးကျော်လွင်ဖြစ်ပါကြောင်း။ **ဦးကျော်လွင်**

**မွေးသက္ကရာဇ်အမှန်**
နတ်မောက်မြို့၊ အ.ထ.က(၁) Grade-12 မှ အဘ ဦးစိုးအောင်၏သမီး မယုယုထွေး ၈/နမန(နိုင်)၂၇၉၈၁၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၂-၂၀၀၇ ဖြစ်ပါကြောင်း။
၃-၂-၂၀၀၇

**ပျောက်ဆုံးကြောင်း**
ဆုပပလင်း(ဘ)ဦးသန်းဇော်ထွန်း ၁၃/လရန(နိုင်)၂၉၈၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၈၅၄၂၉

**မွေးသက္ကရာဇ်အမှန်**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုအုပ်စု၊ မရမ်းခုံကျေးရွာနေ အဘ ဦးသာထွန်းအောင်၏သား ဦးကျော်ဆွေအောင်၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၇-၁၉၈၆ ဖြစ်ပါကြောင်း။ ၂၅-၇-၁၉၈၆

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၁)ကျိုင်းတုံကျောင်း Grade-11 မှ မဘူးဘယ်၏ဖခင်အမည်မှန်မှာ ဦးအက်ဇော် ၁၃/ကတန(နိုင်)၁၅၉၆၅၂ ဖြစ်ပါကြောင်း။
**ဦးအက်ဇော်**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ပဒုမ္မာဆပ်ပြာ
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သင်္ဘောကျင်း ကုန်သေတ္တာထားသိုခန်း
သင်္ဘောကျင်း ဆိပ်ခံတံတားလုပ်ငန်း
သင်္ဘောကျင်း ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သင်္ဘောကျင်း

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ - ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE(TIGER-2026)) ဆောင်ရွက်မှုအားကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

စစ်မြေပြင်ဆိုင်ရာအတွေ့အကြုံများဖလှယ်ရေးအတွက်လေ့ကျင့်ဆောင်ရွက်သည့် **မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း MYANMAR-RUSSIA JOINT EXERCISE(TIGER-2026)**ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၊ လေ့ကျင့်ရေးနယ်မြေ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလေ့ကျင့်ခန်းသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ ✯





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ - ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE(TIGER-2026)) ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေးစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၁၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိအမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။


စာမျက်နှာ ၁၁ ကော်လံ ၁ ➲

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့်

စာမျက်နှာ ၂၅ ကော်လံ ၁ ➡




## လယ်ဝေးနှင့်ဒလမြို့နယ်တို့တွင် ပင်လယ်ပြင်သို့ပို့ဆောင်မည့် ငွေကျပ် ၂၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၈၀၀ ကီလိုကျော်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင်လ ၆ ရက်နေ့ ည ၁၀ နာရီခွဲအချိန် လယ်ဝေးမြို့နယ်၊ တောင်စဉ်အေးကျေးရွာအနီးတွင် ကျော်ဦးမောင်းနှင်ပြီး ဇော်ဇော်ထွန်းလိုက်ပါလာသည့် GOVZCT ၆ ဘီးယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း)၅၀၀ ကီလို (ကာလတန်ဖိုး ၁၂ ဒသမ ၅ ဘီလီယံ)ကျပ်အား ဖမ်းဆီးရမိခဲ့ပါသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇူလိုင်လ ၇ ရက်နေ့ ည ၇ နာရီခွဲအချိန် ဖမ်းဆီးရမိ အိုက်စ် (မက်သ်အဖက်တမင်း) များ

စာမျက်နှာ ၂၉ ကော်လံ ၁ ❐



တရားခံ ကျော်ဦး၊ ဇော်ဇော်ထွန်း၊ ဇေယျာလင်းနှင့် ထွေးမင်းဇော်တို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူတွေ့ရစဉ်။

## (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၇

(၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများအား ယင်းနေ့ နံနက်(၇)နာရီ ၊ မိနစ် (၄၀)မှစတင်ပြီး MRTV HD Channel ၊ MRTV News Channel ၊ MRTV Parliament Channel ၊ MRTV NRC Channel ၊ MITV ၊ MWD HD ၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel ၊ Sky Net Up to Date Channel၊ Channel 9၊ Channel K၊ Hey Play Sports Channel ၊ M Channel ၊ UNI TV၊ Shwe Nadi Shwe Yi Entertainment Channel နှင့် Channel 24 တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM ၊ ပတ္တမြား FM ၊ ပဉ္စဝတီ FM ၊ မန္တလေး FM ၊ ချယ်ရီ FM ၊ FM ပုဂံ ၊ သဇင် FM ၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website ၊ MRTV App နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ